# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၃၃၅)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး စသည့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလ အလွန်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ကူညီပံ့ပိုးပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြုသဘောဆောင် အကူအညီပေးသွားရေး၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ခရီးစဉ်တွင် ရရှိခဲ့သည့်


*စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ အား လက်ခံတွေ့ဆုံ

## မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ တရုတ်နိုင်ငံက ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ယွမ်သန်း ၂၀၀ ပေးအပ်မည်

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆



**ပြည်သူ့အကျိုးစီးပွားအတွက် မြန်မာ့မီးရထား၏ ရန်ကုန် - မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း (သို့မဟုတ်) ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့မီးရထား** ဆောင်းပါး စာ ၆

**ကိုဗစ်- ၁၉ စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်** နိုင်ငံတကာသတင်း စာ ၁၃



KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ဝါခေါင်လ စာရေးတံပွဲနှင့် မေတ္တာအခါတော်

မြန်မာ့ဆယ့်နှစ်လတွင် ဝါခေါင်လသည် မြစ်ချောင်းများ ကမ်းလုံးပြည့် ရေကြီးရေလျှံသောလဖြစ်သည်။ "ရာသီသိန်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လ မို့၊ တောင်မျှော့ထွတ်စွန်၊ သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့ သည်ချိန်ကို၊ ဒေဝရိန် ပဇ္ဇုန်မှူးက၊ မြူးလှတယ်လေး" ဟူ၍ မဟာအတုလမင်းကြီးက စပ်ဆိုခဲ့ရာ ဝါခေါင်လစာရေးတံ အလှူပွဲကို ရှေးအခါက စည်စည်ကားကား ကျင်းပခဲ့သည်ဟူ၍ မှန်းဆကြည့်နိုင်သည်။

စာရေးတံမဲချ၍ လှူဒါန်းသော စာရေးတံအလှူပွဲသည် ဘုရားရှင် လက်ထက်ကပင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ မည်သည့်ရဟန်း၊ မည်သို့ ပုဂ္ဂိုလ်ကို လှူမည်ဟူ၍ ရွေးချယ်မရဘဲ မဲကျရာ ရဟန်းသံဃာကိုသာ လှူဒါန်းရခြင်းဖြစ်သည့်အတွက် သံဃိကဒါနဖြစ်သလို အကျိုးလည်း ထူးပါသည်။ စာရေးတံမဲကျင်းပရာတွင် ယခုခေတ်၌ စက္ကူမဲလိပ်ဖြင့် မဲချကြသော်လည်း ရှေးအခါကမူ သစ်သားတုတ်တံ၊ ဝါးခြမ်းပြား၊ ပေရွက်ထန်းရွက် စသည်တို့တွင် ဆွမ်းအလှူဒါယကာ၏ အမည်ကို ရေးသားကာ တောင်းထဲတွင် ထည့်မွှေပြီး ဆရာတော် သံဃာတော်များက ဝါစဉ်အလိုက် မဲနှိုက်ကြရပြီး မဲကျရာ ဒါယကာတို့၏ အိမ်သို့ ကြွရောက် ဆွမ်းဘုဉ်းပေးကြရခြင်းဖြစ်သည်။ ယခုခေတ်တွင်မူ စာရေးတံမဲပွဲ ဦးဆောင်သူ ဒါယကာများက မိမိတို့ ရပ်ကွက်ကျေးရွာရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ၏ စာရင်းကို ဘွဲ့အမည်နှင့်တကွ ကောက်ယူပြီး မဲလိပ်တွင် ဘွဲ့အမည်ကို ရေးသားကာ ဆွမ်းလှူမည့် ဒါယကာများက မဲလိပ်နှိုက်ယူပြီး မဲကျရာ ရဟန်းသံဃာကို ဆွမ်းကျွေးလှူဒါန်းကြရခြင်းဖြစ်သည်။ စာရေးတံမဲ လှူဒါန်းခြင်းသည် နိဗ္ဗာန်ပုညကုသိုလ် ခုနစ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပြီး သေလွန်သည့်နောက် အပါယ်မရောက်ဘဲ ဂတိမြဲကာ သုဂတိ ဧကန်ဖြစ်ခြင်းဟူသော အကျိုးထူးကို ရရှိနိုင်ကြသည်။

ဝါခေါင်လ၏ ထူးခြားမြင့်မြတ်သောနေ့မှာ ဝါခေါင်လပြည့် "မေတ္တာအခါတော်နေ့" ဖြစ်သည်။ မေတ္တာ၏ တရားကိုယ်သဘော မှာ "အဒေါသ" ပင်ဖြစ်သည်။ ဒေါသသည် ခက်ထန်ကြမ်းတမ်းခြင်း၊ ပြစ်မှားခြင်း၊ ဖျက်ဆီးခြင်းသဘောတို့ဖြင့် လောကကို လောင်မြိုက် စေသည်။ ဖရိုဖရဲပြိုကွဲစေသည်။ ဒေါသဖုံးလွှမ်းနေသည့် လောကသည် အေးငြိမ်းချမ်းသာခြင်းတို့ ပျောက်ကွယ်ကာ ပူလောင်ခြင်း၊ ပျက်စီး ခြင်း အတိသာဖြစ်သည်။ သို့ဖြစ်ရာ လောကကြီး ငြိမ်းချမ်းသာယာ ရန်အတွက်မှာ လောကအလုံးစုံကို မေတ္တာဓာတ်ဖုံးလွှမ်းဖို့လိုသည်။ ဒေါသကို မေတ္တာဖြင့် ပယ်ရှားကြဖို့လိုသည်။ မေတ္တာသည် အဒေါသ ဖြစ်ပြီး သူ့အကျိုးကို လိုလားခြင်းဖြစ်သည်။ မေတ္တာဖြင့် ဖွဲ့နှောင်သည့် လောကက ငြိမ်းအေးသည်၊ ချမ်းသာသည်။ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်မေတ္တာထားနိုင်ကြသည်နှင့်အမျှ အပြန်အလှန်အကျိုး လိုလားကြသည်နှင့်အမျှ လောကကြီးမှာလည်း ငြိမ်းချမ်းသာယာ သည်။ သို့ဖြစ်ရာ လူတိုင်းလူတိုင်း မေတ္တာတရားပွားများနိုင်ကြရန်၊ မြင့်မြတ်သည့်ကျင့်စဉ်ဖြစ်သော မေတ္တာဘာဝနာအကျင့်ကို ကျင့်သုံး နိုင်ကြရန်လိုသည်။

မေတ္တာတရားပွားများရာတွင် အနန္တစကြဝဠာနှင့် အနန္တသတ္တဝါ တို့ကို အာရုံပြု၍ အပိုင်းအခြားမရှိ ပွားများကြရခြင်းဖြစ်သည်။ မေတ္တာထားသည်ဆိုရာ၌လည်း မိခင်သည် မိမိ၏ တစ်ဦးတည်း သော သားငယ်ကို မိမိအသက်ထက်ပင်ပို၍ မေတ္တာထားသကဲ့သို့ သတ္တဝါများအပေါ်၌ မေတ္တာထားကြရန် ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ မေတ္တာတရားကို ကောင်းစွာ အားထုတ်ပါက ချမ်းသာစွာ အိပ်စက်ရခြင်း၊ ချမ်းသာစွာ နိုးထရခြင်း၊ မကောင်းသည့် အိပ်မက်မမက်ခြင်း၊ လူတို့ ချစ်နှစ်သက်ခြင်း၊ နတ်တို့ မြတ်နိုးခင်မင်ခြင်း၊ နတ်တို့ စောင့်ရှောက်ခြင်း၊ မီး အဆိပ် လက်နက်တို့ မသင့်ခြင်း၊ ငြိမ်သက်တည်ငြိမ်သည့် စိတ်ရှိခြင်း၊ မျက်နှာရုပ်ဆင်းကြည်လင်ခြင်း၊ မတွေဝေဘဲ သေရခြင်း၊ သေလွန် သည့်အခါ ဗြဟ္မာ့ပြည်သို့ လားရခြင်းဟူသော အကျိုး ၁၁ ပါးတို့ကို မချွတ်ဧကန်ရနိုင်ကြမည်ဟူ၍ ဘုရားရှင်က ဟောကြားတော်မူခဲ့ ပါကြောင်း။ ။

# ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကြသည့် ဒေသခံစေတနာ့ဝန်ထမ်းများအတွက် စေတနာ့ဝန်ထမ်း (ဆင့်ပွား) သင်တန်းပို့ချ

နေပြည်တော် စက်တင်ဘာ ၁

**အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ လုပ်ငန်းစဉ်များ တွင် ပါဝင်ကူညီဆောင်ရွက်ကြသည့် ဒေသခံစေတနာ့ဝန်ထမ်းများအတွက် စေတနာ့ဝန်ထမ်း (ဆင့်ပွား) သင်တန်း (Online Training) သင်ကြားခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ ကျင်းပသည်။** (အောက်ပုံ)



အဆိုပါ သင်တန်းကို စေတနာ့ဝန်ထမ်းသင်တန်း လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များအတိုင်း ဆွေးနွေး သင်ကြားခြင်းဖြစ်ပြီး စစ်တွေမြို့ ဒေသခံ စေတနာ့ဝန်ထမ်း ၁၃ ဦး တက်ရောက်ခဲ့ကြသည်။

### ညှိနှိုင်းဆွေးနွေး

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆင့်ပွား သင်တန်း တက်ရောက်နေကြသူများ၊ ရခိုင်ပြည်နယ်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များတွင် ရန်ကုန်မြို့မှ သွားရောက် ကူညီပေး ကြသည့် စေတနာ့ဝန်ထမ်း ၂၅ ဦး တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ Video Conferencing စနစ်ဖြင့် တွေ့ဆုံ၍ စေတနာ့ဝန်ထမ်းများ၏ အကြံပြုချက်များ၊ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသည်။

### ပြောဆိုဆက်သွယ်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး က ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် Quarantine လုပ်ငန်းစဉ်သည် အရေး ကြီးကြောင်း၊ Quarantine လုပ်ငန်းစဉ် အတွက် စေတနာ့ဝန်ထမ်းများ၏ အင်အားသည် အရေးကြီးပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် Quarantine ဝင်ရသူများနှင့် ပြောဆို ဆက်သွယ်ဆောင်ရွက်ရာတွင် သဘော ထား ကွဲလွဲမှုများ ကြုံတွေ့နိုင် ပါကြောင်း၊ မိမိတို့ ဆောင်ရွက် သည့်လုပ်ငန်း၏ ရည်ရွယ်ချက်ကို မထိခိုက်စေရန် မှန်ကန်ထိရောက် သော ပြောဆိုဆက်သွယ်ဆောင်ရွက်မှု များဖြစ်စေရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် စေတနာ့ဝန်ထမ်းလက်စွဲ စာအုပ်တွင် ပြောဆိုဆက်သွယ်မှု ဆိုင်ရာ ကျွမ်းကျင်မှုကဏ္ဍကိုထည့်သွင်း ပေးထားပါကြောင်း၊ ယနေ့ခေတ် လူငယ်များသည် စိတ်ဓာတ်အခြေခံ ကောင်းများ ရှိခြင်းကြောင့် သင်ယူ လေ့လာမှုတွင် တတ်မြောက်ရန် လွယ်ကူကြပါကြောင်း၊ ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြ သူများအနေဖြင့် မိမိကိုယ်တိုင် ရောဂါ ပိုး မကူးစက်ရန် အထူးသတိထား ကာကွယ်ကြရန် အရေးကြီးပါကြောင်း၊ အခက်အခဲများကြားမှ ရခိုင်ပြည်နယ် အတွင်း ပါဝင်ပူးပေါင်း ကူညီဆောင် ရွက်ကြသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ စေတနာ့ ဝန်ထမ်းများ၏ အကြံဉာဏ်များကို အလေးထားပါကြောင်း၊ စည်းလုံး ညီညွတ်စွာပူးပေါင်း ဆောင်ရွက်ကြ ရန် ဖြစ်ကြောင်း၊ လိုအပ်ချက်များ နှင့် အခက်အခဲများကို ဝိုင်းဝန်း၍ ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြ ရန် လိုအပ်ပါကြောင်း၊ ယနေ့စေတနာ့ ဝန်ထမ်း (ဆင့်ပွား)သင်တန်း (Online Training) သင်ကြားခြင်းကို ပါဝင် တက်ရောက်ကြသည့် ဒေသခံများ၊ အင်အားဖြည့် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် online ဖြင့် အချိန်ပေးဆွေးနွေး သင်ကြားပေး သည့် သင်တန်း ဆရာ/ ဆရာမများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုး အောင် က CERP Plan အရ ရခိုင် ပြည်နယ်အတွင်း ထောက်ပံ့ပေးမှုများ နှင့် ဝန်ကြီးဌာနက တိုက်ပွဲရှောင်များ အတွက် စားနပ်ရိက္ခာပံ့ပိုးမှု ထောက်ပံ့ မှုများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ စေတနာ့ဝန်ထမ်း များက လိုအပ်ချက်များနှင့် အကြံပြု ချက်များကို တင်ပြကြရာ ပြည် ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်တို့က မိမိတို့ ဝန်ကြီးဌာနအနေ ဖြင့် ဖြည့်ဆည်းပေးနိုင်သည့်ကိစ္စ များကို အမြန်ဆုံး ဆောင်ရွက် ပေးမည်ဖြစ်ပြီး သီးခြားလိုအပ်ချက် များ၊ အခက်အခဲများကို သက်ဆိုင် ရာ ဌာနများနှင့် အကောင်းဆုံးဖြစ် အောင် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြ ပြီး ဆက်လက်၍ စေတနာ့ဝန်ထမ်း များက ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင် ပြည်သူများအတွက် အစိုးရက ပံ့ပိုး ကူညီမှုများနှင့် ပတ်သက်၍ ဆောင် ရွက်လျက်ရှိသည့် ထောက်ပံ့မှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ပညာ ပေးမှု အစီအစဉ်များတွင် ပူးပေါင်း ဆောင်ရွက်လိုသည့် အချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် စေတနာ့ဝန်ထမ်း (ဆင့်ပွား) သင်တန်း (Online Training) သင်ကြားခြင်းကို ဆက်လက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC)၏ (၁၃) ကြိမ်မြောက် ဦးဆောင်လမ်းညွှန်ကော်မတီအစည်းအဝေး Video Conferencing ဖြင့် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေး ဗဟိုဌာန (ARMAC) ရုံးချုပ်၌ 13th Meeting of ARMAC Steering Committee အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။




အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ ARMAC ၏ Steering Committeeဝင်များ ဖြစ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်အောင်နှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယ ဗိုလ်မှူးကြီး အေးဝင်းတို့က Video Conferencing ဖြင့် နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ ဦးဆောင်လမ်းညွှန် ကော်မတီဝင် ကိုယ်စားလှယ်များ၊ အာဆီယံဒေသ တွင်း မိုင်းရှင်းလင်းရေး ဗဟိုဌာန (ARMAC)မှ Mr. ly Panharith (Executive Director, ARMAC) နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေး ခဲ့ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ARMAC ၏ Executive Director အသစ်ရွေးချယ် ပွဲအား Voting စနစ်ဖြင့် ပြုလုပ်ခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံမှ Mr. Prum Suonpraseth ကို အာဆီယံအဖွဲ့ဝင် နိုင်ငံများက ထောက်ခံမဲ ၁၀ မဲဖြင့် အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လင်ဒါ မူလက် နာလင်း ကူမား ဒီ ဆေးဗားသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန် ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လင်ဒါ မူလက် နာလင်း ကူမား ဒီ ဆေးဗားက ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

- ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရန်အတွက် ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးနှစ် ၂၀၂၀ ကို စနစ်တကျ နှစ်ဖက်ညှိနှိုင်း စီစဉ်ဆောင်ရွက်သွားရေး၊ ပြည်သူများအကြား ပုံမှန်ကူးလူးဆက်ဆံမှု အမြန်ဆုံး အကောင်အထည်ဖော်သွားနိုင်ရေးနှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသွားနိုင်ရေး၊ မြန်မာနိုင်ငံ၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပသွားနိုင်ရေးကိစ္စများကို ဆွေးနွေး
- နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်

❇ *ရှေ့ဖုံးမှ*

သဘောတူညီချက်များကို အရှိန်အဟုန်မပျက် အကောင်အထည်ဖော်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရန်အတွက် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် ၂၀၂၀ ကို စနစ်တကျ နှစ်ဖက်ညှိနှိုင်းစီစဉ် ဆောင်ရွက်သွားရေး၊ ပြည်သူများအကြား ပုံမှန်ကူးလူးဆက်ဆံမှု အမြန်ဆုံး အကောင်အထည်ဖော်သွားနိုင်ရေးနှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသွားနိုင်ရေး၊ မြန်မာနိုင်ငံ၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပသွားနိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



မြန်မာ-တရုတ် နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

**"တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေး စတင်ဖြန့်ဝေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ ထောက်ပံ့သွားရေး၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်ဖက်သဘောတူညီမှု ရရှိခဲ့သည့် အကျိုးတူစီမံကိန်းများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီပံ့ပိုးသွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် လောင်းကစားအပါအဝင် တရားမဝင်ကိစ္စရပ်များကို ပူးတွဲတိုက်ဖျက်သွားရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံမှ ကြွေးမြီပေးဆပ်မည့်ကာလကို တရုတ်နိုင်ငံက ရွှေ့ဆိုင်းပေးခြင်းဖြင့် အကူအညီပေးအပ်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး"**

◆ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တက်ရောက်ကြသည်။

### တက်ရောက်ဆွေးနွေး

တွေ့ဆုံပွဲအပြီးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီတို့ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံအဆင့်မြင့်ခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ ဆက်လက်မြှင့်တင်သွားရေး၊ တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေး စတင်ဖြန့်ဝေသည့် အချိန်တွင် မြန်မာနိုင်ငံသို့ ထောက်ပံ့သွားရေး၊ တရုတ်သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်ဖက်သဘောတူညီမှု ရရှိခဲ့သည့် အကျိုးတူစီမံကိန်းများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီပံ့ပိုးသွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် လောင်းကစားအပါအဝင် တရားမဝင်ကိစ္စရပ်များကို ပူးတွဲတိုက်ဖျက်သွားရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံမှ ကြွေးမြီပေးဆပ်မည့်ကာလကို တရုတ်နိုင်ငံက ရွှေ့ဆိုင်းပေးခြင်းဖြင့် အကူအညီပေးအပ်သွားမည့်ကိစ္စ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန်တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများနှင့် မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနှစ် ၂၀၂၀ အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက်ညှိနှိုင်းစီစဉ်သွားရေး၊ လူငယ်များအပါအဝင် ပြည်သူအချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံမှုများ မြှင့်တင်ရန်အတွက် ယဉ်ကျေးမှုဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ ချမှတ်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

### ယွမ်သန်း ၂၀၀ ပေးအပ်သွားမည်

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေး ဖြေရှင်းရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်အားပေးထောက်ခံကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆက်လက် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေအဖြစ် မြန်မာအစိုးရသို့ ယွမ်သန်း ၂၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ထပ်မံအတည်ပြုခဲ့

မြန်မာနိုင်ငံကလည်း နိုင်ငံတကာမျက်နှာစာ၌ တရုတ်နိုင်ငံ၏ အားပေးထောက်ခံမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒနှင့် တစ်နိုင်ငံစနစ်နှစ်မျိုးမူဝါဒတို့ကို ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုခဲ့သည်။

### အမြင်ချင်းဖလှယ်

ထို့ပြင် ၂၀၂၀ ပြည့်နှစ်အတွင်း ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ် လက်မှတ်ရေးထိုးရေးကိစ္စ၊ ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-တရုတ် အလှည့်ကျ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူစဉ်အတွင်း တရုတ်-အာဆီယံ ဆက်ဆံရေး ပိုမိုတိုးမြှင့်သွားရေးနှင့် ဒေသတွင်းကိစ္စရပ်များကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာသွားရေး၊ ၂၀၂၀-၂၀၂၂ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အလှည့်ကျ ပူးတွဲဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံမှတာဝန်ယူစဉ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်မှ မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့နှင့် စပ်လျဉ်း၍လည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲသို့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင် မစ္စတာ ရန်ကျဲ့ချီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)

သတင်းစဉ်



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ထိန်းသိမ်းရေး) ဦးဝဏ္ဏခေါ်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

❂ *ကျောဖုံးမှ*

ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များဖြစ်ကြသည့် ဦးဖြိုးမင်းသိန်းနှင့် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးကျော်မျိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၀) ဖြင့် ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခင် ဖွဲ့စည်းခဲ့သည့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပခဲ့ပြီး ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းကို နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ် သတ်မှတ်ရန်၊ ညှိနှိုင်းမှုကော်မတီက HIA Myanmar Co. Ltd နှင့် စာချုပ်ချုပ်ဆိုနိုင်ရေး ဆက်လက်ဆွေးနွေးရန်၊ ဂျပန်နိုင်ငံမှ Official Development Assistance (ODA)ချေးငွေလျှောက်ထားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရန်၊ စီမံကိန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ (Infrastructure)နှင့် အခြေခံလိုအပ်ချက်(Utilities)များ ပံ့ပိုးကူညီနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆုံးဖြတ်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး ဦးကျော်မျိုး

## နိုင်ငံတကာလေဆိပ်ကြီးတစ်ခု မဖြစ်မနေလိုအပ်

မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းလာသည့် စီးပွားရေးကို အထောက်အကူဖြစ်စေရေးအတွက် အနာဂတ်တွင် နိုင်ငံတကာလေဆိပ်ကြီးတစ်ခု မဖြစ်မနေလိုအပ်ပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြေနေရာအနေအထားအရ လေယာဉ်ပြေးလမ်းအသစ် ထပ်မံတည်ဆောက်၍ မရနိုင်တော့ခြင်း၊ လေယာဉ်ရပ်နားနေရာ အလုံအလောက်တိုးချဲ့နိုင်မှုမရှိခြင်းနှင့် Operation ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိနေခြင်းတို့ကြောင့် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

စီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်သောပုံစံ (Public- Private-Partnership-PPP)ဖြင့် တင်ဒါခေါ်ယူခဲ့ရာ Yongnam – CAPE-JGC Consortium က တင်ဒါအောင်မြင်ခဲ့ပြီး Framework Agreement လက်မှတ်ရေးထိုးကာဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် Framework Agreement သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် ဆွေးနွေးမှုများကို နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် ရပ်ဆိုင်းခဲ့ရပါကြောင်း။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ဟံသာဝတီလေဆိပ်စီမံကိန်းအတွက် ၁၀၀ ရာခိုင်နှုန်း ODA ချေးငွေဖြင့် စီမံကိန်းတစ်ခုလုံး ခြုံငုံသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့်အစီအမံကို ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာသည့်အတွက် စီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော်နိုင်ရေး Japan International Corporation Agency(JICA)၊ MLIT တို့နှင့် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဂျပန်-မြန်မာ နှစ်နိုင်ငံကိုယ်စားလှယ်များပါဝင်သည့် စီမံကိန်း အကောင်အထည်ဖော်ရေး ပြင်ဆင်မှုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ ကော်မတီအနေဖြင့် ညှိနှိုင်းမှုအစည်းအဝေးများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ (၁၁)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ရန်ကုန်လေဆိပ်နှင့် ဟံသာဝတီလေဆိပ် လေဆိပ်(၂)ခုလုံးကို ဂျပန်နိုင်ငံက လေဆိပ်ဆောင်ရွက်မည့်အဖွဲ့နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Operator အဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းမည့် single entity ဖြင့် ဆောင်ရွက်နိုင်ရေး၊ လိုအပ်သော Infrastructure လုပ်ငန်းများကို မြန်မာနိုင်ငံဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်၏ Phase-1 ကို (၁)နှစ်ခရီးသည် ရှစ်သန်းကိုင်တွယ်နိုင်မည့်လေဆိပ်အဖြစ် စတင်ဆောင်ရွက်နိုင်ရေးတို့ကို သဘောတူညီမှုရရှိခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများကို ODA ချေးငွေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် JICA က Feasibility Study ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လေဆိပ်တည်ဆောက်ရေး ကုန်ကျစရိတ်ကို ဂျပန်နိုင်ငံမှ သက်သာသောအတိုးနှုန်းဖြင့် ODA ချေးငွေ အချိန်မီရရှိနိုင်ရေးအတွက် Feasibility Study Report သည် များစွာအရေးပါသည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လေဆိပ်တည်ဆောက်ရေးနှင့် တစ်ပြိုင်နက် မိမိတို့မြန်မာနိုင်ငံဘက်က အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် Infrastructure လုပ်ငန်းများလည်း ပါဝင်သည့်အတွက် အဆိုပါလုပ်ငန်းများကို လျာထားသတ်မှတ်အချိန်အတွင်း အောင်မြင်စွာအကောင်အထည်ဖော် ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြရန် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ဦးဆောင်ကော်မတီဝင်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများအလိုက် အချိတ်အဆက်မိမိ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် က ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဦးဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းက နောက်ခံသမိုင်းနှင့် စီမံကိန်းစတင်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ စီမံကိန်းတင်ဒါခေါ်ယူရွေးချယ်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ဂျပန်နိုင်ငံ၏ ODA Loan ဖြင့် စီမံကိန်းအကောင်အထည်ဖော်မည့်အခြေအနေ၊ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာရေးအစီရင်ခံစာအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေ၊ ဌာနပိုင်မြေအမည်ပေါက်ရရှိရေးအတွက် မြေသိမ်းဆည်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားမှုအခြေအနေ၊ မြေယာလျော်ကြေးပေးချေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း Feasibility Study Team Deputy Team Leader , Mr. Uehara က ဖြစ်မြောက်နိုင်စွမ်း လေ့လာ ဆန်းစစ်ချက်ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဦးဆောင်ကော်မတီ အတွင်းရေးမှူး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က စီမံကိန်းနှင့်စပ်လျဉ်း၍ ဌာနအလိုက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

## ဦးစားပေးရွေးချယ်

ထို့နောက် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုးတက်များပြားလာသော လေကြောင်းခရီးစဉ်များနှင့် ခေတ်မီလေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခု တည်ဆောက်နိုင်ရေးအတွက် နေရာ (၉) နေရာအား လျာထားခဲ့ပါကြောင်း၊ ယင်းနေရာများအနက် ယခုစီမံကိန်း တည်ဆောက်မည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် နေရာသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေကြောင်းပျံသန်းမှုများအား ထိခိုက်မှုမရှိဘဲ သီးသန့် Separation ပြုလုပ်နိုင်ခြင်း၊ နိုင်ငံတကာလေယာဉ်ပျံသန်းလမ်းကြောင်းများ (International Air Route) များသို့ လွယ်ကူစွာ ဝင်/ထွက်နိုင်ခြင်း၊ Wind Speed and Wind Direction အရ လေယာဉ်ပြေးလမ်းအား တောင်နှင့်မြောက် ဖောက်လုပ်နိုင်ခြင်း၊ ပတ်ဝန်းကျင်အတားအဆီးများ (Obstruction) ကင်းရှင်းမှုရှိခြင်း၊ နိုင်ငံတကာလေဆိပ် အင်္ဂါရပ်နှင့်အညီ ပြည့်စုံစွာ တည်ဆောက်နိုင်သည့် မြေနေရာနှင့် ထပ်မံတိုးချဲ့ရန် လုံလောက်သည့် အကျယ်အဝန်းရှိခြင်း၊ အချက်အချာကျသည့် မြို့များ၊ အဝေးပြေးလမ်း၊ ရထားလမ်းနှင့် ချိတ်ဆက်နိုင်ရန် ဆက်သွယ်မှုကောင်းမွန်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လောပိတနှင့် ဖောင်းတူရေအားလျှပ်စစ်တို့မှ ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းခြင်း၊ ရေလိုအပ်ချက်ကို လေဆိပ်အနီးရှိ ဇလက်ထော်နှင့် မဇင်းရေလှောင်တမံမှ ရယူနိုင်ခြင်း၊ ပြည်တွင်း ပြည်ပ လေယာဉ်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးများအတွက် ဆုံရပ်ဖြစ်ခြင်းဆိုသည့် အားသာချက် (၉)ချက်ကြောင့် ဦးစားပေးရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးဆွေးနွေးချက်ပါ အချိန်မီဆောင်ရွက်ရမည့် လုပ်ငန်းများအား သတ်မှတ်ကာလအပြီး အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဘဏ္ဍာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံး ဝန်ထမ်းများ ပြည်ထောင်စုဘဏ္ဍာငွေများ စီမံခန့်ခွဲသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်၊ ဘဏ္ဍာငွေအရင်းအမြစ်များ အလေအလွင့်မရှိစေဘဲ ထိရောက်အကျိုးရှိစွာသုံးစွဲနိုင်စေရန် ကော်မရှင်ရုံး၏ ဘဏ္ဍာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ကော်မရှင်ရုံး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)** အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ သင်တန်းသား/ သင်တန်းသူ အရာထမ်း ၂၇ ဦး တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်မြင့်မြင့်က ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဆိုင်ရာ စီမံခန့်ခွဲမှု၊ ကြီးကြပ်မှုကိစ္စရပ်များ၊ ဘဏ္ဍာရန်ပုံငွေများသုံးစွဲခြင်း၊ စာရင်းထိန်းသိမ်းခြင်း၊ ဌာနတွင်း စာရင်းစစ်ဆေးခြင်းများနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## တိုးမြစ်ရေ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်သူ့အကျိုးစီးပွားအတွက် မြန်မာ့မီးရထား၏ ရန်ကုန် - မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း (သို့မဟုတ်) ရန်ကုန်-မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်မြန်မာ့မီးရထား

မြန်မာ့မီးရထား

မြန်မာ့မီးရထားသက်တမ်း ၁၄၃ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ၁၆၁ မိုင်ရှည်လျားသည့် ရန်ကုန် - ပြည် ရထားလမ်းပိုင်း စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

နောက်ရှစ်နှစ်အကြာ ၁၈၈၅ ခုနှစ်တွင် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း ၁၆၆ မိုင်နှင့် ၁၈၈၉ ခုနှစ်တွင် တောင်ငူ - မန္တလေးလမ်းပိုင်း ၂၁၉ မိုင်တို့ကို ထပ်မံဖွင့်လှစ်ခဲ့သည်။ ခေတ်အဆက်ဆက်ရထားလမ်း တစ်လမ်းသွားစနစ်မှ နှစ်လမ်းသွားအဖြစ်တိုးချဲ့ခဲ့ပြီး ရန်ကုန်-မန္တလေးခရီးအစအဆုံး နှစ်လမ်းသွားရထားလမ်းအဖြစ် ၂၀၀၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ရထားလမ်း နှစ်ကြာမြင့်နေသကဲ့သို့ လမ်း၊ တံတား၊ ဘူတာနှင့် အချက်ပြစနစ်များအပြင် အသုံးပြုနေသည့် စက်ခေါင်း/တွဲများ၏ အရည်အသွေးမကောင်းတော့ခြင်းတို့ကြောင့် ရထားပြေးဆွဲမှုမိုင်နှုန်းကို သိသာစွာလျှော့ချထားရသည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ယင်းအခြေအနေများကြောင့် ရထားစီးခရီးသည်များက ပိုမိုမြန်ဆန်ပြီးဝန်ဆောင်မှုကောင်းသည့် အဝေးပြေးမော်တော်ယာဉ်ပို့ဆောင်ရေးကို ရွေးချယ်သွားရာ ရထားပို့ဆောင်ရေး၏ စွမ်းဆောင်ရေးအခြေအနေမှာ နှစ်စဉ်ကျဆင်းလာခဲ့ခြင်း ဖြစ်သည်။

ရထားပို့ဆောင်ရေးလုပ်ငန်း စွမ်းဆောင်နိုင်ရည်ပြန်လည်ဦးမော့လာစေရန် ရထားအခြေခံအဆောက်အအုံနှင့်တကွ အသုံးပြုနေသည့်စနစ်များ၊ အထောက်အကူပစ္စည်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး ရည်မှန်းချက်ထားပြီး မြန်မာနိုင်ငံရထားကွန်ရက်၏ အဓိကပင်မသွေးကြောဖြစ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီး အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံမှ ODA ချေးငွေရယူပြီး အကောင်အထည်ဖော်ရခြင်းဖြစ်သည်။

“ရန်ကုန် - မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းကို ရန်ကုန်-တောင်ငူလမ်းပိုင်းနှင့် တောင်ငူ-မန္တလေးလမ်းပိုင်းဟူ၍ အဆင့်နှစ်ဆင့်ခွဲပြီး ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းကြီးတစ်ခုလုံးအတွက် သုံးစွဲကုန်ကျမည့် ငွေပမာဏမှာ ၂ ဒသမ ၄၉၈ ဘီလီယံ အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် ဂျပန်ယန်း ၂၇၂ ဒသမ ၉၆၀ ဘီလီယံ ဖြစ်သည်။

၂၀၁၇ ခုနှစ်မှ စတင်ပြီး Detail Design ဆောင်ရွက်ခြင်း၊ Consultant ရွေးချယ်ခြင်းနှင့် လုပ်ငန်းများ တင်ဒါခေါ်ယူခြင်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စီမံကိန်းအပိုင်း (၁) ဖြစ်သည့် ရန်ကုန်-တောင်ငူလမ်းပိုင်း ရထားလမ်းအဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန် - တောင်ငူကြား ဒွေးလမ်း (နှစ်လမ်းသွား) လမ်းတွင် တစ်လမ်းတည်း၌သာ အစုန်/အဆန်ရထားများ သွားလာစေသည့်စနစ်အသုံးပြု၍ ကျန်တစ်လမ်းကိုပိတ်ပြီး လမ်းအဆင့်မြှင့်တင်ပြုပြင်နေခြင်းဖြစ်သည်။

ရန်ကုန် - မန္တလေးလမ်းပိုင်းတစ်ခုလုံး၌ လက်ရှိပြေးဆွဲချိန် ၁၆ နာရီရှိနေခြင်းကို ၈ နာရီအောက်သို့ လျှော့ချနိုင်ရေး ရည်မှန်းချက်ထားရှိပြီး DEMU တွဲများ



မြစ်ကူးတံတားပေါ်ရှိ ရထားလမ်းပိုင်းအဆင့်မြှင့်တင်နေမှုတစ်နေရာ။

- ❒ ရန်ကုန် - မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့် (၁)ကို ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ လည်းကောင်း၊ စီမံကိန်းအဆင့် (၂) ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ လည်းကောင်း ပိုင်းခြားသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ
- ❒ စီမံကိန်းပြီးစီးပါက ခေတ်မီလူစီးရထား (DEMU) များဖြင့် ရထားအမြန်နှုန်းကို 100 km/hr အထိ တိုးမြှင့်ပြေးဆွဲနိုင်မည်ဖြစ်ပြီး ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်သွားရန် ယခုလက်ရှိ ကြာချိန်သည် ၁၆ နာရီခန့်မှ ၈ နာရီခန့်သာ ကြာမြင့်တော့မည်ဖြစ်ပြီး အချိန်ထက်ဝက်ခန့် လျှော့ကျသွားမည်ဖြစ်

အသုံးပြု၍ တစ်နာရီ ၆၀ ကီလိုမီတာနှုန်းမှနေပြီး ၁၀၀ ကီလိုမီတာနှုန်းသို့ တိုးမြှင့်ပြေးဆွဲနိုင်မည်ဖြစ်သည်။

ဝင်ရိုးဝန်ချိန် ၁၂ ဒသမ ၅ တန် ရှိရာမှ တန် ၂၀ အထိ တိုးမြှင့်နိုင်မည်ဖြစ်သောကြောင့် ယခင် ရှစ်ဘီးတွဲ ကုန်တွဲတစ်တွဲ ၃၆ တန်တင်ရာမှ တန် ၆၀ အထိ တင်နိုင်မည်ဖြစ်ပြီး စီးပွားရေးတွက်ခြေကိုက်သည့် ကုန်ရထားသွားလာမှု ရရှိလာမည်ဖြစ်သည်။

ခရီးသည်ပို့ဆောင်ရေးအသုံးပြုမည့် ရထားတွဲဆိုင်းများမှာ DEMU တွဲဆိုင်း အသစ်များဖြစ်သည်။ ထို့ကြောင့် ရထားများပို၍ လုံခြုံစိတ်ချစွာသွားလာနိုင်ပြီး အချိန်မှန်ကန်မှုတိုးတက်လာမည်။ ငြိမ့်ညောင်းစွာ ခုတ်မောင်းသွားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ရထားသွားလာပြေးဆွဲမှုကို ဗဟိုမှထိန်းချုပ်သည့် OCC စနစ်ဖြင့် တပ်ဆင်မည်ဖြစ်သည်။ ခေတ်မီလက်မှတ်ရောင်းစနစ်ကိုလည်း ပြုပြင်ပြောင်းလဲတပ်ဆင်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

**ရန်ကုန် - မန္တလေး မီးရထားလမ်းအဆင့်မြှင့်တင်ခြင်းအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းများမှာ -**

| | | |
|---|---|---|
| (က) | ရထားလမ်းတာပေါင်နှင့် ရထားလမ်းပြုပြင်ခြင်း | ၃၈၅ မိုင်၊ |
| (ခ) | ရထားလမ်းတံတားများ ပြုပြင်တည်ဆောက်ခြင်း | ၈၁၃ စင်း၊ |
| (ဂ) | ရထားလမ်းဘူတာများအသစ် ပြန်လည်တည်ဆောက်ခြင်း၊ | ၁၀ ဘူတာ |
| (ဃ) | ရထားတွဲ DEMU (Diesel Electric Multiple Unit) | ၂၀၄ တွဲ၊ |
| (င) | DEMU Workshop and Depot တည်ဆောက်ခြင်း | ၂ ရုံ၊ |
| (စ) | ကွန်ပျူတာဖြင့်ရထားထိန်း စနစ်တပ်ဆင်ခြင်း | ၉၆ ဘူတာ၊ |
| (ဆ) | ဘူတာများတွင်လျှပ်စစ်မီး တပ်ဆင်ခြင်းတို့ဖြစ်သည်။ | ၉၆ ဘူတာ |

ရန်ကုန် - တောင်ငူရထားလမ်းပိုင်းတွင် ပဲခူး၊ ညောင်လေးပင်၊ ဖြူးဘူတာတို့ဖြစ်ပြီး ပဲခူးဘူတာနှင့် ညောင်လေးပင်ဘူတာတို့မှာ နှစ် ၁၀၀ ကျော် ဘူတာဖြစ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

တောင်ငူ-မန္တလေးရထားလမ်းပိုင်းတွင် တောင်ငူ၊ ရေတာရှည်၊ ပျဉ်းမနား၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်၊ မြို့ဟောင်းဘူတာတို့ကို အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။ ကျန်ဘူတာ ၈၆ လုံးကိုလည်း မြန်မာ့မီးရထားအစီအစဉ်ဖြင့် အဆင့်ဆင့်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



ရထားလမ်းပိုင်းအဆင့်မြှင့်တင်နေမှုလမ်းပိုင်းတစ်နေရာ။

ဘူတာပတ်ဝန်းကျင် နယ်နိမိတ်များတွင် အုတ်ခြံစည်းရိုး ကာရံခြင်းများနှင့်ဘူတာအဝင်လမ်း ကောင်းမွန်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်။ ပတ်ဝန်းကျင်ရှိ ကားလမ်းကူး၊ လူလမ်းကူး များကိုလည်း တိုင်းဒေသကြီးများနှင့်ညှိနှိုင်းပြီး ကားလမ်းကူးခုံးကျော်တံတားတည်ဆောက်ခြင်းများကို ညှိနှိုင်းဆောင်ရွက်သွားမည်။

**ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း**

ရန်ကုန်-မန္တလေးလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း ၃၈၅ မိုင်ကို အဆင့် (၂) ဆင့်ခွဲ၍ ဆောင်ရွက်လျက်ရှိရာ အဆင့် (၁) ဖြစ်သည့် ရန်ကုန် - တောင်ငူ ၁၆၆ မိုင်နှင့် အဆင့် (၂) တောင်ငူ-မန္တလေး ၂၁၉ မိုင် သတ်မှတ်၍ ဆောင်ရွက်လျက်ရှိသည်။

**စီမံကိန်းအဆင့်(၁) ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခြင်း**

စီမံကိန်းအဆင့်(၁) ဖြစ်သည့် ရန်ကုန် - တောင်ငူ ရထားလမ်းပိုင်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်-

(က) ရန်ကုန်-ပဲခူးလမ်းပိုင်း (CP-101) ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် အချက်ပြ/ဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံ FNS-JV Co.,Ltd. နှင့် ဆောင်ရွက်လျက်ရှိပြီး ၂၀.၁၂% ပြီးစီးနေပြီဖြစ်သည်။

(ခ) ပဲခူး-ညောင်လေးပင်လမ်းပိုင်း (CP-102) ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် အချက်ပြ/ဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းအား ဂျပန်နိုင်ငံ TEKKEN-RN JV Co.,Ltd. နှင့် ဆောင်ရွက်လျက်ရှိပြီး ၃၂.၇၀% ပြီးစီးနေပြီ ဖြစ်သည်။

(ဂ) ညောင်လေးပင်-တောင်ငူလမ်းပိုင်း (CP-103) ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် အချက်ပြ/ဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းအား ဂျပန်နိုင်ငံ TOKYU Co.,Ltd. နှင့် ဆောင်ရွက်လျက်ရှိပြီး ၃၂.၉၇% ပြီးစီးနေပြီဖြစ်သည်။

(ဃ) DEMU ခေတ်မီ ရထားတွဲသစ် ၂၄ တွဲ ဝယ်ယူခြင်း (CP-104) အတွက် ရရှိရေးဆောင်ရွက်လျက်ရှိသည်။

(င) DEMU Workshop and Depot ရထားတွဲတည်ဆောက်ရန် အလုပ်ရုံ(ရွာသာကြီး) တည်ဆောက်ခြင်း (CP-105) ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ *စာမျက်နှာ ၇ သို့*



ရထားလမ်းပိုင်းအဆင့်မြှင့်တင်နေမှုကိုတွေ့ရစဉ်။

# မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁၆၆ / ၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက် )

**မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာခြင်း**

၁။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များအရ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရေးအတွက် မဲစာရင်းတွင်ပါဝင်စေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်ကိုလည်းကောင်း၊ အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာ လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်ကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ကိုလည်းကောင်း ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏ အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့် နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားရမည်။ **ထိုသို့လျှောက်ထားရာ၌ တောင်းဆိုသူ တင်ပြရမည့် အထောက်အထားနေရာတွင် တောင်းဆိုသူ တင်ပြလိုသည့် စာရွက်စာတမ်းများ၊ သက်သေအထောက်အထားများနှင့်အတူ မိမိတို့၏ အမြဲတမ်းနေရပ်တွင် ပါဝင်သည့် မဲစာရင်းအမှတ်စဉ်ကို ဖြည့်သွင်းတင်ပြရန် ဖြစ်ပါသည်။**

( ခ ) အပိုဒ်ခွဲ (က) အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ကိုက်ညီပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းပေးမည်ဖြစ်သည်။

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် အပိုဒ်ခွဲ (ခ) အရ မဲစာရင်းတွင် အမည်ထည့်သွင်းခံရသူ၏ အမည်ကို အမြဲတမ်းနေရပ်၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မိမိ၏ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကလည်း ထိုတင်ပြချက်ကို လိုအပ်သလိုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ နေရင်းဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-ခ) သုံးစောင်ဖြင့် အမြန်ဆုံး ဆက်လက်အကြောင်းကြားသွားမည် ဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ အနည်းဆုံးရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက်မဲဆန္ဒရှင်များသည် ၁၇-၉-၂၀၂၀ ရက်နေ့မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-က) ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၁၀-၁၀-၂၀၂၀ ရက်နေ့ ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

❖ *ကျောဖုံးမှ*

(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက်တစ်အိမ်လျှင်တစ်ဦးသာသွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှ ပြင်ပသို့သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန် သွားရောက် / ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊
(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ် ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကိုလိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂-၉-၂၀၂၀၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

**(ဒေါက်တာမြင့်ထွေး)**
**ပြည်ထောင်စုဝန်ကြီး**

---

*စာမျက်နှာ ၆ မှ*

(စ) ရထားသွားလာမှုထိန်းချုပ်ရေးစနစ်တပ်ဆင်ခြင်းလုပ်ငန်း (CP-106) အတွက် ဆောင်ရွက်လျက်ရှိပါသည်။
(ဆ) FD Clip ကွန်ကရစ်ဇလီဖားMould နှင့် ဇလီဖားတွဲနှောင်ပစ္စည်း (FD Clip) ဝယ်ယူခြင်းလုပ်ငန်း(CP-107) အား ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါသည်။
(ဇ) လျှပ်စစ်လုပ်ငန်းများ (CP-108) ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်-တောင်ငူရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကွန်ကရစ်ဇလီဖား ထုတ်လုပ်ခြင်းလုပ်ငန်း၊ လမ်းခင်းကျောက်ဝယ်ယူစုဆောင်းခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **ဂျပန်နိုင်ငံ ODA ချေးငွေဖြင့်** ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် အချက်ပြ/ဆက်သွယ်ရေးစနစ်တပ်ဆင်ခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် DEMU ခေတ်မီရထားတွဲသစ် (၂၄) တွဲ ဝယ်ယူခြင်းလုပ်ငန်းတို့ ဖြစ်သည်။

**စီမံကိန်းအဆင့်(၂) တောင်ငူ-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော်ခြင်း**

စီမံကိန်းအဆင့်(၂)ဖြစ်သည့် တောင်ငူ-မန္တလေးလမ်းပိုင်း ၂၁၉ မိုင်ကို လုပ်ငန်းများအဆင်ပြေစေရန် အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်ရန်စီမံဆောင်ရွက်လျက်ရှိပါသည်-

(က) တောင်ငူ - ရွာတော်လမ်းပိုင်း (၆၄) မိုင် (CP-2101)၊
( ခ ) ရွာတော် - အင်ကြင်းကန်လမ်းပိုင်း (၄၉) မိုင် (CP-2102)၊
( ဂ ) အင်ကြင်းကန် - ကူမဲလမ်းပိုင်း (၆၃) မိုင် (CP-2103)၊
(ဃ) ကူမဲ-မန္တလေးလမ်းပိုင်း (၄၃) မိုင် (CP-2104)။

Design အရ စီမံကိန်းအဆင့် (၂) အတွက် တင်ဒါ ၁၀ ခုကို ခေါ်ယူမည်ဖြစ်ပါသည်။ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများမှာ-

(က) CP-2101, 2102, 2103, 2104 ရထားလမ်း အဆင့်မြှင့်တင်ခြင်းနှင့် အချက်ပြ/ ဆက်သွယ်ရေးစနစ်များတပ်ဆင်ခြင်းလုပ်ငန်း၊
( ခ ) CP-2105 ခေတ်မီရထားတွဲ DEMU ၁၈၀ တွဲဝယ်ယူခြင်းလုပ်ငန်း၊
( ဂ ) CP-2106 ရထားသွားလာမှုထိန်းချုပ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်း၊
(ဃ) CP-2107 FD Clip ကွန်ကရစ်ဇလီဖား Mould နှင့် ဇလီဖားတွဲနှောင်ပစ္စည်း (FD Clip) ဝယ်ယူခြင်းလုပ်ငန်း၊
( င ) CP-2108 လျှပ်စစ်လုပ်ငန်း၊
( စ ) CP-2109 ခရီးသည် ဝန်ဆောင်မှုလုပ်ငန်းများ (အလိုအလျောက်လက်မှတ်ရောင်းစနစ်)၊
(ဆ) CP-2110 လမ်းမြှောက် ကျောက်ပက်ကင်ရိုက်စက်နှင့် ရထားလမ်း စစ်ဆေးရေးယာဉ် ဝယ်ယူခြင်းလုပ်ငန်း။

စီမံကိန်းနယ်မြေအတွင်းမှာ ဘူတာအကြီးအသေး ၅၅ ဘူတာခန့်ပါဝင်သည်။ ရန်ကုန်-တောင်ငူ စီမံကိန်းအပိုင်း(၁)နယ်မြေအတွင်းတွင် ပဲခူးဘူတာတစ်ခုသာ လမ်းဆုံဘူတာအဖြစ်ရှိပြီး တောင်ငူ-မန္တလေး စီမံကိန်းအပိုင်း (၂) နယ်မြေအတွင်းမှာ လမ်းဆုံဘူတာအဖြစ် အောက်ပါအတိုင်းပါဝင်နေခြင်းက ထူးခြားမှုဖြစ်သည်-

- ပျဉ်းမနားဘူတာ - ပဲခူးရိုးမဖြတ်ကျော်ပြီး တောင်တွင်းကြီး၊ ချောက်၊ ကျောက်ပန်းတောင်း၊ ပုဂံ သို့သွားသည့်ရထားလမ်းမှာနှင့် ချိတ်ဆက်နေသည်။
- ပျော်ဘွယ်ဘူတာ - ရွာတော်၊နတ်မောက်ဒေသနှင့် ချိတ်ဆက်နေသည်။
- သာစည်ဘူတာ - အရှေ့ဘက်ခြမ်းတွင် ရှမ်းပြည်တောင်ပိုင်း ဟဲဟိုး၊ ကလော၊ အောင်ပန်း၊ ရွှေညောင်၊ ရပ်စောက် တောင်ပေါ်လမ်းပိုင်းကိုလည်းကောင်း၊ အနောက်ဘက်ခြမ်း မိတ္ထီလာ၊ မြင်းခြံအထိလည်းကောင်း လမ်းမှာများနှင့် ချိတ်ဆက်နေသည်။
- ပလိပ်ဘူတာ - မြင်းခြံ - ပုဂံလမ်းမှာနှင့် ချိတ်ဆက်နေသည်။
- မြို့ဟောင်းဘူတာ - ရှမ်းပြည်မြောက်ပိုင်း ပြင်ဦးလွင်၊ သီပေါ၊ ကျောက်မဲ၊ လားရှိုးကိုလည်းကောင်း၊ စစ်ကိုင်း (ရွာထောင်) မှ တစ်ဆင့် မုံရွာ/ပခုက္ကူနှင့် လည်းကောင်း ချိတ်ဆက်နေသည်။
- အဆိုပါ လမ်းဆုံဘူတာများ ဖွံ့ဖြိုးလာမည့် အစီအစဉ်များ ပါဝင်ခြင်းကြောင့် စီမံကိန်းပြီးစီးချိန်တွင် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးစွမ်းဆောင်နိုင်မှု သိသိသာသာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။
- အလားတူ ရန်ကုန်-မန္တလေးရထားလမ်းမကြီးပေါ်တွင် ရွာသာကြီးကုန်းတွင်းဆိပ် (Dry Port) နှင့် မြစ်ငယ်ကုန်းတွင်းဆိပ် (Dry Port) နှစ်ခုတို့သည် ကုန်သေတ္တာတင်တွဲများ အသုံးပြုပြီး ကုန်စည်ပို့ဆောင်မှုကိုဆောင်ရွက်နေပြီဖြစ်ရာ စီမံကိန်းပြီးဆုံးချိန်တွင် အဆိုပါ ကုန်တွင်းဆိပ်နှစ်ခု၏ စွမ်းဆောင်ရည်သည် သိသာစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ရန်ကုန် - မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအဆင့်(၁)ကို ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိလည်းကောင်း၊ စီမံကိန်းအဆင့် (၂) ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိလည်းကောင်း ပိုင်းခြားသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းပြီးစီးပါက ခေတ်မီလူစီးရထား (DEMU) များဖြင့် ရထားအမြန်နှုန်းကို 100 km/hr အထိ တိုးမြှင့်ပြေးဆွဲနိုင်မည်ဖြစ်ပြီး ရန်ကုန်မှမန္တလေးသို့ ရထားဖြင့် သွားရန် ယခုလက်ရှိကြာချိန်သည် ၁၆ နာရီခန့်မှ ၈ နာရီခန့်သာ ကြာမြင့်တော့မည်ဖြစ်ပြီး အချိန်ထက်ဝက်ခန့် လျော့ကျသွားမည်ဖြစ်သည်။ ထို့အပြင် အချိန်တိကျမှုရှိခြင်း၊ ခရီးသွားလာရာတွင် ခရီးသည်များသက်သောင့်သက်သာရှိခြင်း၊ ခရီးသည်နှင့်ကုန်ပစ္စည်းများကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ခြင်းတို့ ရရှိခံစားနိုင်မည်ဖြစ်သည်။

ရန်ကုန် - မန္တလေးလမ်းပိုင်းကို သတ်မှတ်ကာလအမီပြီးစီးအောင် ကြိုးစားဆောင်ရွက်နေသော်လည်း ၂၀၂၀ ပြည့်နှစ် မတ်လလယ်မှစတင်ပြီး ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကူးစက်မှုလျော့နည်းစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်သောနေထိုင်နည်း စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နေရသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်းခဲ့ပြီး အချိန်ကြန့်ကြာမှုများ ရှိခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံ JICA မှ တာဝန်ရှိသူများနှင့် မြန်မာ့မီးရထား အင်ဂျင်နီယာများ ပူးပေါင်းပြီး အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။

**အခြားရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်း**

ရန်ကုန် - မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း အကောင်အထည်ဖော်နေချိန်တွင် ရထားလမ်းပိုင်းအလိုက် ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာ့မီးရထားသည် အမြန်ရထား ၃၃ စင်း၊ စာပို့ရထား ၄၄ စင်း၊ လူစီးကုန်တင်ရထား ၄၈ စင်း၊ ခရီးတိုရထား ၁၇ စင်း၊ မြို့ပတ်နှင့်ဆင်ခြေဖုံးရထား ၂၀၃ စင်း ပြေးဆွဲလျက်ရှိပြီး လိုအပ်သောစက်ခေါင်းနှင့်တွဲများ အသစ်ဝယ်ယူဖြည့်တင်းလျက်ရှိသကဲ့သို့ မြန်မာ့မီးရထား ဈေးကွက်အတွက် ခရီးသွားပြည်သူများအတွက် အရေးပါသော အောက်ပါရထားလမ်းပိုင်းများ၏ အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်-

(က) ရန်ကုန်-မန္တလေးရထားလမ်း (၃၈၅) မိုင်၊
( ခ ) မန္တလေး-မြစ်ကြီးနားရထားလမ်း (၃၄၀) မိုင်၊
( ဂ ) ပဲခူး - မော်လမြိုင်ရထားလမ်း (၁၃၀) မိုင်၊
(ဃ) ရန်ကုန် - ပြည်ရထားလမ်း (၁၆၁) မိုင်၊
( င ) ရန်ကုန်မြို့ပတ်ရထားလမ်း (၂၉.၅) မိုင် တို့ ဖြစ်သည်။

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့် မြှင့်တင်ရေးစီမံကိန်းကို အဓိကဦးစားပေး ဆောင်ရွက်ခြင်းအားဖြင့် ခရီးသည်နှင့်ကုန်စည်များ ပိုမိုတိုးမြှင့် ပို့ဆောင်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေခြင်း၊ ရထားစီးခရီးသွားပြည်သူများနှင့် ကုန်စည်ပို့ဆောင်သူများကို စိတ်ချမ်းမြေ့စွာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ရထားပြေးဆွဲချိန်လျှော့ချပြီး အချိန်မှန်ကန်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းစေခြင်းဖြင့် ခရီးသွားပြည်သူများ၏ဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားပြည်သူများ၏အကျိုးစီးပွားအတွက် မြန်မာ့မီးရထားမှ ရေရှည်မျှော်တွေးကာ အဆင့်မြှင့်တင်ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# လူမှုဖူလုံရေးအဖွဲ့၏ ကိုဗစ်-၁၉ ကာလအတွင်း ဖြေလျှော့ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ





နေပြည်တော် စက်တင်ဘာ ၁

လူမှုဖူလုံရေးအဖွဲ့မှ ကိုဗစ်-၁၉ ကာလအတွင်း ဖြေလျှော့ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် အစီအစဉ်များအား ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက Coronavirus Disease (COVID-19) ရောဂါသည် ကမ္ဘာ့နိုင်ငံများတွင် ယခုအချိန်ထိ ရောဂါကူးစက်ပြန့်ပွားမှုမှာ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူသားများအပေါ် ကျန်းမာရေးသက်ရောက်မှုသာမက နိုင်ငံအတော်များများ၏ စီးပွားရေးအပေါ်တွင်လည်း ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခဲ့ပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့် ကပ်ရောဂါကြောင့် စီးပွားရေးအပေါ် ဆိုးရွားသော သက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာစီမံကိန်းများကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

## ၄၀ ရာခိုင်နှုန်း ခွင့်ပြုပေး

ကိုဗစ်-၁၉ ဂယက်ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်း၊ အလုပ်သမား လျှော့ချခြင်းများ မဖြစ်စေရန်အတွက် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို ဖြေလျှော့ပေးသွင်းခွင့်ပြုခြင်း၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းခွင်မှ အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများအတွက် မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်ကို ၂၆ ပတ်အထိ ခွင့်ပြုပေးခြင်း၊ ဆေးဖိုးနှင့် ခရီးစရိတ်ပြန်အမ်းငွေကို (၁) နှစ်အထိ ခွင့်ပြုပေးခြင်း၊ ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများကို မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းအဖြစ် ၂၆ ပတ်အထိ ခွင့်ပြုပေးခြင်း၊ Quarantine ဝင်ရသည့် အာမခံအလုပ်သမားများအတွက် Quarantine ဝင်ရသည့်ကာလ ၂၈ ရက်အား မကျန်းမာမှု အကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ငွေကြေးအကျိုးခံစားခွင့်ပြုခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်နှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် ဧပြီလ ၂၀ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ ခေတ္တပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံ အလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းအား ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ယခုကဲ့သို့ ဖြေလျှော့ပေးသည့် လုပ်ငန်းစဉ်များအပေါ် ထိရောက်မှု ရှိ/မရှိ ပြန်လည်သုံးသပ်ရန်နှင့် ထိုသို့သုံးသပ်ရာတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ လူမှုဖူလုံရေးအဖွဲ့များ၏ ကိုဗစ်-၁၉ ကာလအတွင်း တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အတွေ့အကြုံများကို လေ့လာဆန်းစစ်ပြီး ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ရန် လိုကြောင်း၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါသက်ရောက်မှုများ လျော့နည်းသက်သာစေရေး အစီအမံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကိုဗစ်-၁၉ ကာလအတွင်း လူမှုဖူလုံရေးအဖွဲ့က ခွင့်ပြုထုတ်ပေးခဲ့သည့် ငွေကြေးအကျိုးခံစားခွင့် စုစုပေါင်းကျပ်သန်း ၂၆၅၇၆ ဒသမ ၇၆၂ အား ထုတ်ပေးခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရန်နှင့် အာမခံအလုပ်သမားများမှ အကျိုးခံစားခွင့်များကို လွယ်ကူလျင်မြန်စွာရရှိစေရန် Wave Money ဖြင့် Pilot ဆောင်ရွက်မှု၊ လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများ၌ အာမခံအလုပ်သမားများအတွက် ဆေးဝါးများ၊ ရောဂါကာကွယ်ရေး ပစ္စည်းများနှင့် ဆေးပစ္စည်းကိရိယာများကို အသင့်ဆောင်ရွက်ထားမှုနှင့် ရောဂါကုသပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဗီဒီယို၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ ဖြန့်ဝေပေးမှုနှင့် Viber Sticker များ လွှင့်တင်ဆောင်ရွက်ခဲ့မှု၊ CERP Plan ပါ လူမှုဖူလုံရေးဆိုင်ရာ အချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အသေးစိတ် ရှင်းလင်းတင်ပြသည်။

## အလေးထား ဆောင်ရွက်

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်အကောင်အထည်ဖော်ရန်အတွက် ILO ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်နိုင်ရန် EU အဖွဲ့မှ ထောက်ပံ့ကူညီမှုများရယူပြီး ဆက်လက်ဆောင်ရွက်ရန်၊ အာမခံအလုပ်သမားများ ဆေးဖိုးပြန်လည်ခွင့်ပြုထုတ်ပေးခြင်းကို Wave Money ဖြင့် တိုးချဲ့ဆောင်ရွက်သွားရန်၊ အလုပ်ရှင်များ ထည့်ဝင်ကြေးပေးသွင်းရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် e-Contribution လုပ်ငန်းကို CCT Function ဖြင့် Pilot ဆောင်ရွက်သွားရန်၊ လက်ရှိဆောင်ရွက်နေသော Reform (၄) ဆက်လက်ဆောင်ရွက်ခြင်း၊ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းအား ကျန်ရှိသော အကျုံးဝင်အလုပ်ဌာနများအား ဆက်လက်စိစစ်ခွင့်ပြုသွားရန်၊ Quarantine ဝင်သည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများအား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ဆက်လက်ခွင့်ပြုထုတ်ပေးသွားရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် စာရင်းဇယားများ တိကျမှန်ကန်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

## လေ့လာဆည်းပူး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာသည့် လက်ထောက်ဆရာဝန် ၁၈ ဦးအား တွေ့ဆုံ၍ လူမှုဖူလုံရေးအဖွဲ့သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် လက်ထောက်ဆရာဝန်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ဆောင်ရန်၊ ရှောင်ရန် အချက်များကို နားလည်သိရှိပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ကြရန် ပြောကြားလိုပါကြောင်း၊ ထို့အပြင် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား အောင်မြင်အောင် အကောင်အထည်ဖော်ကြရမည်ဖြစ်ပြီး မိမိတို့နှင့် သက်ဆိုင်သော ပညာရပ်များသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိထိုက်သည့် ဘာသာရပ်နယ်ပယ်အသီးသီးကိုလည်း နားလည်သိရှိပြီး အစဉ်တိုးတက်စေရန် လေ့လာဆည်းပူးသွားကြရန် လိုအပ်ပါကြောင်း။

လူမှုဖူလုံရေးဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ထမ်းများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သောကြောင့် အာမခံအလုပ်သမားများအနေဖြင့် ဆေးရုံ/ဆေးခန်းများကို ပိုမိုယုံကြည် အားကိုးလာစေရန် မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များဖြင့် ထိရောက်သော ဝန်ဆောင်မှုပေး၍ နွေးထွေးပျူငှာစွာ ဆက်ဆံဆောင်ရွက်သွားရေးသည် အရေးကြီးပါကြောင်းနှင့် အာမခံအလုပ်သမားများအား ထိရောက်သော ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားကြစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပညာရေးစီမံခန့်ခွဲမှုအသိအမှတ်ပြုလက်မှတ်ရ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

**ပညာရေးစီမံခန့်ခွဲမှုအသိအမှတ်ပြု လက်မှတ်ရသင်တန်း (Certificate in Education Management – CEM Training) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



## ဖြည့်ဆည်းပံ့ပိုးပေးလို

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အင်္ဂလိပ်စာ၊ အိုင်စီတီ၊ သုတေသနစွမ်းဆောင်ရည်နှင့် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်များအရ ယခုလို CEM သင်တန်းသင်ယူခွင့် ရရှိကြသူများအားလုံးအား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် (Capacity Development Fund – CDF), University College London-Institute of Education (UCL-IOE), Dr. ခင်မာနီနှင့် သင်တန်းဆရာများ၊ ပံ့ပိုးပေးကြသည့် သက်ဆိုင်ရာ ဌာနများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများအားလုံးကို အထူးကျေးဇူးမှတ်တမ်းတင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်ဦးချင်းစီ စွမ်းဆောင်ရည် ရှိစွာဖြင့် တာဝန်ယူ၊ တာဝန်ခံပြီး ဆန်းသစ်ထိရောက် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပံ့ပိုးပေးလိုပါကြောင်း၊ ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုနှင့် ထိရောက်သည့် ခေါင်းဆောင်မှုများရရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံတို့ ပူးပေါင်းပြီး စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာဘွဲ့လွန်သင်တန်း (Diploma in Education Management -DEM) ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပညာရေးဝန်ကြီးဌာန(နေပြည်တော်)တွင် ဖွင့်လှစ်ခဲ့ပါကြောင်း။

## ဆွေးနွေးပို့ချခဲ့

DEM သင်တန်းသည် ရန်ကုန်ပညာရေးတက္ကသိုလ်က ဘွဲ့ပေးအပ်မည့် နိုင်ငံတကာအဆင့်မီ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြစ်ပြီး သင်တန်းကာလ တစ်နှစ်တွင် Total credit က 21 credit ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန ပညာရေးတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များက ၎င်းတို့၏ အတွေ့အကြုံများကို သီအိုရီနှင့် လက်တွေ့ပေါင်းစပ်ပြီး ဆွေးနွေးပို့ချခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ရ DEM သင်တန်းဆင်းများမှတစ်ဆင့် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် အောင်မြင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်နိုင်စေပြီး စွမ်းရည်မြင့်မားသည့် ခေါင်းဆောင်မှုများ ရရှိသွားစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

## ပူးပေါင်းသင်ယူ

ယခုဖွင့်လှစ်မည့် CEM သင်တန်းသည် DEM သင်တန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး CEM တွင် ပို့ချမည့်အကြောင်းအရာများသည် ပညာရေး၏ အခြေခံများကို ဦးဆောင်မှုပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ မူဝါဒ၊ သုတေသနနှင့် စီမံကိန်းရေးဆွဲခြင်း၊ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်တို့ ဖြစ်ပါကြောင်း၊ မိမိလုပ်ငန်းအတွက် အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်သည့်အတွက် ပူးပေါင်းသင်ယူကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပညာရေးသဘောတရားဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မာနီက CEM Programme နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

CEM သင်တန်းကို ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးသဘောတရားဌာနက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်တွင် Zoom ဖြင့် စတင်ဖွင့်လှစ်ခြင်းဖြစ်သည်။ CEM သင်တန်းအတွက် အဓိကရည်ရွယ်သည့် အုပ်စု(Target Group) အနေဖြင့် ပညာရေးဝန်ကြီးဌာနမှ သင်တန်းဌာနမှူးများ၊ တက္ကသိုလ်အသီးသီးကို ဦးဆောင်မည့် ဒုတိယပါမောက္ခချုပ်များ၊ အခြေခံပညာဦးစီးဌာနရှိ ကျောင်းအုပ်ကြီးများအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ သင်တန်းကာလမှာ ရက် ၄၀ ဖြစ်ပြီး Total credit မှာ 11 credit ဖြစ်သည်။ သင်တန်းပြီးမြောက်ပါက ရန်ကုန်ပညာရေးတက္ကသိုလ်မှ အသိအမှတ်ပြုလက်မှတ် ပေးအပ်မည်ဖြစ်သည်။ CEM သင်တန်းပြီးမြောက်ပါက DEM သင်တန်းကို တက်ရောက်နိုင်မည်ဖြစ်သည်။ CEM သင်တန်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှပညာရှင်များနှင့် ပြင်ပမှ ပညာရှင်များပူးပေါင်းကာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်တွင်သာမက တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန် Video Conferencing စနစ်ဖြင့် အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁**

ရခိုင်ပြည်နယ်တွင်သာမက တိုင်းဒေသကြီး/ ပြည်နယ်အားလုံး၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ရှိသူများ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် Video Conferencing စနစ်ဖြင့် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ပြုလုပ်သည်။ (ယာပုံ)

## အရေးအကြီးဆုံး နည်းဗျူဟာ

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိတွင် ကိုဗစ်-၁၉ သည် အချိန်တိုအတွင်း လျှင်မြန်စွာ ကူးစက်ပြန့်ပွားလျက်ရှိရာ မိမိတို့အနေဖြင့် အဆိုးဆုံးသော အခြေအနေ (worst case scenario) ကို မျှော်မှန်းကာ ရရှိသော အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးချပြီး တုံ့ပြန်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုအခြေအနေမှာ အရေးကြီးသည့် လမ်းဆုံလမ်းခွအခြေအနေတစ်ခုသို့ ရောက်ရှိနေသဖြင့် လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်မှသာ ဤကပ်ရောဂါကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် မိမိတို့သည် ကျန်းမာရေးကဏ္ဍရှုထောင့် တစ်မျိုးတည်းမှ မကြည့်ဘဲ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး စသည့်ရှုထောင့်အသီးသီးတို့ကိုပါ ထည့်သွင်းစဉ်းစားကာ ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကပ်ရောဂါထိန်းချုပ်မှုနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနသည် ဗဟိုကော်မတီမှ ချမှတ်လမ်းညွှန်ထားသော လုပ်သင့်လုပ်ထိုက်သည့် အချက်များအား ဆောင်ရွက်လျက်ရှိပြီး ပါဝင်ဆောင်ရွက်နေသူများအားလုံးအား အသိအမှတ်ပြုပါကြောင်း၊ လက်တွေ့မြေပြင်အခြေအနေ၌ ကပ်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် လူမှုရေးဝန်ကြီးများ၏ ဦးဆောင်မှုနှင့် ပံ့ပိုးမှုသည် မရှိမဖြစ် အရေးကြီးသည်ဆိုသည့် အချက်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ ယခုရောက်ရှိနေသော ကပ်ရောဂါ၏ အခြေအနေနှင့် အဆင့်တွင် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများ အားလုံးအား အမြန်ဆုံးရှာဖွေဖော်ထုတ်ခြင်းသည် အဓိကအကျဆုံးနှင့် အရေးအကြီးဆုံး နည်းဗျူဟာဖြစ်ပါကြောင်း။

## ထပ်မံတိုးမြှင့်ဆောင်ရွက်

ရခိုင်ပြည်နယ်မှ အခြားနေရာဒေသများသို့ ခရီးသွားလာခဲ့သူတစ်ဦးချင်းအား ဝန်ကြီးဌာနမှ ဆရာဝန်များက တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ကျန်းမာရေးစစ်ဆေးမှုနှင့် အသွားအလာ ကန့်သတ်မှုခံယူရန် အကြောင်းကြားလျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ယာယီစခန်းများ၊ ပြန်လည်လက်ခံရေးစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ပျံ့နှံ့မှု အရှိန်အဟုန်နှင့် ပျံ့နှံ့မှုလားရာတို့ကို အသေးစိတ်သုံးသပ်လျက်ရှိပါကြောင်း၊ ဤဌာနခွဲအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ကူးစက်ရောဂါတိုက်ဖျက်ရေး တာဝန်ရှိသူများနှင့် နေ့စဉ်ချိတ်ဆက် ဆွေးနွေးတိုင်ပင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တွေ့ရှိရသော သတင်းအချက်များကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ တွေ့ရှိချက်များနှင့် ပံ့ပိုးဆောင်ရွက်ရမည့်အချက်များကို အချိန်နှင့် တစ်ပြေးညီ တာဝန်ရှိသူအကြီးအကဲများထံ တင်ပြရမည်ဖြစ်ပြီး ဝန်ကြီးဌာနမှ ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ကာ ဝန်ကြီးဌာနအတိုင်းအတာနှင့် ဆောင်ရွက်နိုင်ခြင်းမရှိပါက ဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လျှင်မြန်စွာ ကူးစက်ဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်သို့ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးနှင့် ဆေးပစ္စည်းများနှင့် စက်ကိရိယာများအား အထူးလေယာဉ်များဖြင့် ဆက်တိုက်ပို့ဆောင်လျက်ရှိပါကြောင်း၊ ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိသူများကို ဖော်ထုတ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများအား ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ပြုပြင်မွမ်းမံမှုများပြုလုပ်

လက်ရှိရေးဆွဲထားသည့် လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကိုလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထပ်မံတွေ့ရှိချက်အသစ်များ၊ ကူးစက်ပျံ့နှံ့ပုံစံများ၊ ပြောင်းလဲလျက်ရှိသော ရောဂါလက္ခဏာများ စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး မွမ်းမံရေးဆွဲကာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ် ကြည့်ရှုမည့်ကာလ၊ ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးခြင်းနှင့် ဆေးရုံဆင်းခွင့်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန် CDC နှင့် နောက်ဆုံးပေါ် သုတေသနတွေ့ရှိချက်များအပေါ် အခြေခံပြီး သက်ဆိုင်ရာ ပညာရှင်အသီးသီးနှင့် ဆွေးနွေးတိုင်ပင်ကာ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ပြီး ဖြန့်ဝေလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနည်းပါးသော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများအနေဖြင့် ကိုဗစ်-၁၉ လူနာများ များပြားလာနိုင်သည်ဟူသော ခံယူချက်ကိုနောက်ခံထား၍ စောင့်ကြည့်လူနာများအား စနစ်တကျထားရှိရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကို ဆန်းစစ်သုံးသပ်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်မည့်ကာလ အတို၊ အရှည်သည် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုနှင့် စည်းကမ်းလိုက်နာမှုတို့အပေါ်၌ အဓိကမူတည်နေပါသဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် အသံချဲ့စက်များ အသုံးပြုကာ ပြည်သူများအား အသိပေးနှိုးဆော်မှုများကို တိုးမြှင့်လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

## ကျပန်းစနစ်ဖြင့် ရွေးချယ်

ထို့နောက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းဝင်းဇော်လှိုင်နှင့် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ဗဟိုကွင်းဆင်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့် က ရောဂါပျံ့နှံ့မှုအတိုင်းအတာနှင့် ပျံ့နှံ့မှုပုံသဏ္ဌာန်များကို သိရှိနိုင်ရန် စစ်တွေမြို့မှ ကိုဗစ်-၁၉ ကူးစက်နိုင်ခြေ များပြားသူများအား ကျပန်းစနစ်ဖြင့် ရွေးချယ်ကာ rapid test kit ဖြင့် ပဋိပစ္စည်းများ ရှိ၊ မရှိ စစ်ဆေးမှုအခြေအနေများနှင့် test positive တွေ့ရှိသူများအား PCR စနစ်ဖြင့် ထပ်မံစစ်ဆေးသွားမည့် အစီအစဉ်၊ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ခြုံငုံသုံးသပ်ချက်များကို လည်းကောင်း။

စစ်တွေပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က ဆေးရုံကြီး၌ ကိုဗစ်-၁၉ လူနာများအား ကုသပေးနေရမှု၊ လူနာများ၏ အခြေအနေများ၊ အထူးကြပ်မတ်ကုသဆောင်နှင့် အသက်ရှူစက်များ တပ်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လူနာတွေ့ရှိမှု၊ ကုသမှုအခြေအနေများ၊ အသွားအလာကန့်သတ်မှု အခြေအနေများကိုလည်းကောင်း၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက ယနေ့နံနက်ပိုင်းတွင် ကုသရေးပါမောက္ခများနှင့် ဆွေးနွေးတိုင်ပင်ခဲ့မှုနှင့် ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)ကို လူနာများ သက်သောင့်သက်သာ ကုသမှုခံယူနိုင်သည့် လေအေးစက်ပါဝင်သည့်၊ အောက်ဆီဂျင်ပေးနိုင်သည့် တစ်ဦးချင်းလူနာခန်းများ၊ စက်ကိရိယာစုံလင်သည့် အထူးကြပ်မတ်ကုသဆောင်များကဲ့သို့ ကုသမှုပိုင်းဆိုင်ရာသာမက ကျန်းမာရေးဝန်ထမ်းများနှင့် အခြားပံ့ပိုးကူညီသူများ နေထိုင်ရေး၊ လုပ်ငန်းများကြီးကြပ်ရေး၊ လုံခြုံရေး၊ အင်တာနက်ဆက်သွယ်ရေး၊ ကျွေးမွေးရေးစသည်ဖြင့် ပြင်ဆင်ထားရှိမှုအခြေအနေများအား လည်းကောင်း။

အစည်းအဝေးသို့တက်ရောက်လာသည့် ဆေးပညာပါမောက္ခ/ ဌာနမှူးများနှင့် အပူပိုင်းနှင့် ကူးစက်ရောဂါပညာ ပါမောက္ခ/ ဌာနမှူးများက ဆေးပညာရှင်များအချင်းချင်း ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်တိုင်ပင်ကာ ကိုဗစ်-၁၉ လူနာများအား ကုသပေးနေမှုများအား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်က ဓာတ်ခွဲစစ်ဆေးမှုများကို PCR စက်များဖြင့် စစ်ဆေးခြင်းအပြင် GeneXpert စက်များဖြင့်အသုံးပြုကာ တိုးမြှင့်စစ်ဆေးနေမှု အခြေအနေများနှင့် ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ အကြံပြုချက်များကို လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်တို့က ရခိုင်ပြည်နယ်မှ အခြားနေရာဒေသများသို့ ခရီးသွားလာခဲ့သူတစ်ဦးချင်းအား ကျန်းမာရေးဝန်ထမ်းများက တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ကျန်းမာရေးစစ်ဆေးမှုနှင့် အသွားအလာကန့်သတ်မှု ခံယူရန် ပြောကြားနေမှုအခြေအနေများနှင့် ထိုသို့ဆက်သွယ်ရာတွင် အဆိုပါခရီးသည်များနှင့် ခရီးသွားဝန်ဆောင်သူ အချို့က တယ်လီဖုန်းမကိုင်မှု၊ ကိုင်ပြီးနောက် ဖုန်းချခြင်းနှင့် ပိတ်ထားခြင်းများ ပြုလုပ်မှုတို့အပြင် ကောင်းမွန်စွာ ပြန်လည်ဖြေကြားခြင်းမရှိမှုများကို လည်းကောင်း။

## အသီးသီးတင်ပြ

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ တိုးသီရိအောင်က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှု အခြေအနေများအား ခြုံငုံသုံးသပ်မှုများကို လည်းကောင်း၊ သံတွဲပြည်သူ့ဆေးရုံနှင့် ကျောက်ဖြူပြည်သူ့ဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများက ဆေးရုံအလိုက် ကိုဗစ်-၁၉ လူနာများအား ကုသပေးနေမှုများနှင့် လူနာများ၏ အခြေအနေများကိုလည်းကောင်း အသီးသီးတင်ပြခဲ့ကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေ တင်ပြမှုနှင့် ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးပြုလုပ်ပြီးနောက် ယနေ့ နေ့လယ်ပိုင်းတွင် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထပ်မံတွေ့ရှိချက်အသစ်များ၊ ကူးစက်ပျံ့နှံ့ပုံစံများ၊ ပြောင်းလဲလျက်ရှိသော ရောဂါလက္ခဏာများ စသည်တို့အား ထည့်သွင်းစဉ်းစားကာ အသွားအလာကန့်သတ်ခြင်း၊ ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးခြင်းနှင့် ဆေးရုံဆင်းခွင့်ပေးခြင်း စသည်တို့နှင့် ပတ်သက်၍ လက်ရှိရေးဆွဲထားသည် လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများကို မွမ်းမံရေးဆွဲရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

**လှိုင်လင် စက်တင်ဘာ ၁**

မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်းအစီအစဉ်အရ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းကို ဩဂုတ် ၂၇ ရက်မှစ၍ လှိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားတွင် လှိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းစောမြက အမှာစကားပြောကြားပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံက ရာသီဥတုပြောင်းလဲရခြင်း အကြောင်းရင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ မြေဆီလွှာအစိုဓာတ် ထိန်းသိမ်းနည်းလမ်းများ ပညာပေးခြင်း၊ ခရိုင်မျိုးစေ့တာဝန်ခံက ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးနှံများ စိုက်ပျိုးနည်းနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးအေးချိုထွန်းက ရာသီဥတု ပြောင်းလဲခြင်းကြောင့် ကျရောက်လာနိုင်သည့် ရောဂါ/ပိုးမွှားများ ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို သင်တန်းပို့ချသည်။ ထို့နောက် တက်ရောက်သူဝန်ထမ်းများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ခရိုင်အတွင်းမှ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ စုစုပေါင်း ၉၅ ဦး တက်ရောက်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP)အရ ထပ်တိုးထောက်ပံ့ငွေ ထောက်ပံ့ပေးအပ်

**တောင်ကြီး စက်တင်ဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုများဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ ထပ်တိုးထောက်ပံ့ကြေးငွေကျပ် ၁၁၆၂ ဒသမ ၂၅ သိန်း ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုများဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း CERP (Covid-19 Economic Relief Plan) ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ထပ်တိုးထောက်ပံ့ကြေးငွေ ပေးအပ်မည့် ကိစ္စနှင့် ပတ်သက်၍ တက်ရောက်လာသူများ အားလုံးနှင့် တွေ့ဆုံရှင်းလင်းတင်ပြခွင့် ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ Mini Budget တွင် ငွေကျပ် ၁၂၉၁ ဒသမ ၅ သိန်း ထောက်ပံ့ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ တွင်လည်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ ငွေကျပ် ၃၃၉၇ ဒသမ ၅ သိန်း ထောက်ပံ့ပေးမည်ဖြစ်ပြီး ယခင်နှစ်ကထက် ငွေကျပ်သိန်းပေါင်း ၂၁၀၆ သိန်း ပိုမိုထောက်ပံ့ပေးနိုင်မည့်အပြင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း (၄၆)ခု အတွက် ငွေကျပ် ၅၃၇ ဒသမ ၇၅ သိန်း၊ အသက် (၈၅) နှစ်အထက် အဘိုးအဘွားများ လူမှုရေး ပင်စင် ၁၀၅၀၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၁၅၂ ဒသမ ၇ သိန်း၊ အသက် (၈၀-၈၅)နှစ် အဘိုးအဘွားများ လူမှုရေးပင်စင် ၁၄၄၇၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၃၄၂ ဒသမ ၈ သိန်းနှင့် ကိုဗစ်-၁၉ ကာလအတွင်း Quarantine Center များရှိ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကိုယ်ဝန်ဆောင်သည် ၂၉ ဦး၊ မသန်စွမ်း ခုနစ်ဦး၊ ငါးနှစ်အောက်ကလေး ၁၇၈ ဦး၊ အဘိုးအဘွား ၃၉ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၅၁၅ ဦးအတွက် ငွေကျပ် ၁၅၄ ဒသမ ၅ သိန်းဖြစ်သည့်အတွက် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ် (CERP) အရ ထပ်တိုးထောက်ပံ့ကြေး ငွေကျပ် စုစုပေါင်း ငွေကျပ် ၁၁၆၂ ဒသမ ၂၅ သိန်း ပိုမိုပြီး တိုးမြှင့်ထောက်ပံ့ပေးသွားနိုင်မည်ဖြစ်သောကြောင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံသို့ ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံး၊ ညွှန်ကြားရေးမှူး ဦးထွန်းဦးက ထပ်တိုးထောက်ပံ့ငွေကျပ် ၁၁၆၂ ဒသမ ၂၅ သိန်း ပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ်အတွင်းရှိ ထပ်တိုးထောက်ပံ့ပေးမည့် မသန်စွမ်းသူ စုစုပေါင်း ၁၁၃၂၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ကြေး ငွေကျပ် ၃၃၉၇ ဒသမ ၅ သိန်း၊ ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၄၆ ခုအတွက် ငွေကျပ် ၅၇၃ ဒသမ ၇၅ သိန်း၊ အသက် (၈၅)နှစ်အထက် အဘိုးအဘွားများ လူမှုရေး ပင်စင် ၁၀၅၀၉ ဦးအတွက် တစ်ဦးလျှင် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၁၅၂ ဒသမ ၇ သိန်း၊ အသက်(၈၀-၈၅) နှစ် အဘိုးအဘွားများ လူမှုရေးပင်စင် ၁၄၄၇၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၃၄၂ ဒသမ ၈ သိန်း တို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က လက်ခံရယူသည်။ **(ဝဲအပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက တောင်ကြီး မြို့ပေါ်ရပ်ကွက် (၂၂) ရပ်ကွက်မှ တက်ရောက်လာသော မသန်စွမ်းသူများအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ပြည်ပနိုင်ငံများ၌အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အကြိမ် (၂၀) မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါကယ်ဆယ်ရေး လေယာဉ်တွင် ဆွစ်ဇာလန်မှ တစ်ဦး၊ ဘယ်လ်ဂျီယံမှ နှစ်ဦး၊ ဘရာဇီးလ်မှ သုံးဦး၊ ကနေဒါမှ သုံးဦး၊ ပြင်သစ်မှ သုံးဦး၊ အင်ဒိုနီးရှားမှ သုံးဦး၊ ဖြိတိန်မှ လေးဦး၊ အီတလီမှ လေးဦး၊ နော်ဝေမှ သုံးဦး၊ တောင်အာဖရိကမှ နှစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၂၂ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၅၂ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၂ ဦး လိုက်ပါလာခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၃၃၁၇၂ ဦးအား ကယ်ဆယ်ရေး လေယာဉ်/အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး ဂုတ်တွင်းလမ်းပိုင်း၌ တွဲယာဉ်တစ်စီးစက်ချွတ်ယွင်း၍ လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ စက်တင်ဘာ ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချိုဂုတ်တွင်း လမ်းပိုင်း ၆ ထပ်ကွေ့ မိုင်တိုင်အမှတ် (၈၄/၂-၃) တွင် ယနေ့နံနက် ၁၀ နာရီကျော်ခန့်က ယာဉ်မောင်း ကျော်ခိုင်စိုး မောင်းနှင်သော တွဲယာဉ်အမှတ်၊ 4L/----သည် သီပေါတွင် ဂေါ်တန်ကျောက်တင်ရန်လာစဉ် စက်ချွတ်ယွင်း၍ ကားအင်ဂျင်စက်ရပ်ကာ လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။ **(ယာပုံ)**




အဆိုပါ ယာဉ်လမ်းပိတ်ဆို့မှုကြောင့် မန္တလေးမှ တက်လာသောယာဉ်များ နောင်ချိုမြို့ စိမ်းလဲ့ကန်သာတွင် လည်းကောင်း၊ မူဆယ်၊ လားရှိုးမှလာသော အဆင်းယာဉ်များ ကျောက်မဲ မိုးမြင့်သာနှင့် ရေကန်တောင်၌ လည်းကောင်း ခေတ္တရပ်နားထားရသည်။

ယာဉ်ကြောပိတ်ဆို့မှု ကြာရှည်စွာ မဖြစ်ပေါ်စေရေးအတွက် အမှတ် (၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ ဂုတ်တွင်းရဲကင်းမှတပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီပူးပေါင်းဆောင်ရွက်မှုဖြင့် မွန်းတည့် ၁၂ နာရီတွင် ဂုတ်တွင်းလမ်းပိုင်းမော်တော်ယာဉ်များ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်သွားလာနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# နမ္မတူမြို့နယ်ရှိ မသန်စွမ်း ၂၉၇ ဦးအား ထောက်ပံ့ငွေပေးအပ်

**နမ္မတူ စက်တင်ဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နမ္မတူမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်း၌ နေထိုင်သည့် မသန်စွမ်း ၂၉၇ ဦးအား ထောက်ပံ့ငွေတွေ ပေးအပ်ခြင်းကို ယနေ့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့သို့ ထောက်ပံ့ငွေတွေပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဦးဝေထွန်းအောင်၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဦးစီးမှူး ဒေါ်ယုဝေခိုင်နှင့် တာဝန်ရှိသူများက နမ္မတူမြို့နယ်အတွင်းရှိ မသန်စွမ်းများအား အိမ်တိုင်ရာရောက် သွားရောက်၍ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ရောဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်ပေခွဲ ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် သာပေါင်းမြို့တွင် တစ်စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဇလွန်မြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ် စပါးထားကျေးရွာ၌ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရိက္ခာအတွက် သိုလှောင်ထားသည့် ဆန်အိတ်များဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာ၌ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရိက္ခာအတွက် သိုလှောင်ထားသည့် ဆန်အိတ်များ ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာအတွင်း လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများဆောင်ရွက်စဉ် ဦးရဲကျော်ထွန်း၏ နေအိမ်၌ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရိက္ခာအတွက် သိုလှောင်ထားသည့် ဆန်အိတ် ၈၀ တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသူနှင့် ဆန်အိတ်များကို စစ်တွေမြို့သို့ ပို့ဆောင်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ဖားကန့်၌ ဥရုချောင်းကူး စက်လှေပေါ်မှ ကားတစ်စီး ချောင်းအတွင်းပြုတ်ကျ အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေ

**ဖားကန့် စက်တင်ဘာ ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဖားပြင်ကျေးရွာ ဥရုချောင်းကူး စက်လှေကူးတို့ဆိပ်၌ ဩဂုတ် ၃၀ ရက် ည ၁၀ နာရီခန့်က ဆိပ်မူ (ဘဇံချောက်) ဘက်မှ ဖားပြင်ကျေးရွာသို့ စက်လှေဖြင့်ကူးလာသည့် လင့်ခရူဇာ ကားတစ်စီးသည် ဖားပြင်ဘက်ကမ်းသို့ မရောက်မီ ၁၀ ပေခန့် အလိုတွင် ဥရုချောင်းအတွင်း ပြုတ်ကျမှုဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်တွင် အမျိုးသမီးတစ်ဦး နစ်မြုပ်ပျောက်ဆုံးလျက်ရှိကြောင်း သတင်းအရ ရှာဖွေမှုများ ဆောင်ရွက်နေကြောင်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွေးထံမှ သိရသည်။



အဆိုပါ ကားအတွင်း အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့ စီးနင်းလိုက်ပါလာကြောင်း စက်လှေကူးတို့ဆိပ်မှ အချိန်ပိုင်းတာဝန်ခံ ကိုစိုင်းအောင်လှိုင်၏ ပြောပြချက်အရသိရပြီး ချောင်းအတွင်း ပျောက်ဆုံးနေသူမှာ မဆိုင်းပန် (၂၈) နှစ်၊ လုံးခင်းကျေးရွာအုပ်စု ဆိုင်းရာရွာသစ်ကျေးရွာ နေထိုင်သူဖြစ်ပြီး ၎င်းပျောက်ဆုံးကြောင်းကို ညီအစ်မတစ်ဝမ်းကွဲတော်စပ်သူ မဂျာဆိုင်းအောင်က ဖားပြင်ကျေးရွာ တာဝန်ခံရုံးတွင် လူပျောက်တိုင်ကြားထားကြောင်း သိရသည်။

လက်ရှိတွင် ပျောက်ဆုံးသူအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များက စက်လှေများဖြင့် ကူညီရှာဖွေပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တာလင်းမောင်(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

စီးရီးအေ ၁၂ ပွဲတွင် သုံးပွဲ သရေကျပြီး ကိုးပွဲ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။ ထို့အပြင် စီးရီးအေရာသီပိတ်သိမ်းချိန်တွင်လည်း အဆင့် (၆) နေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူဖြစ်သည်။

အီဗရာဟီမိုဗစ်သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် LA ဂလက်ဆီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အေစီမီလန်အသင်းအနေဖြင့် လိဂ်ပြိုင်ပွဲတွင် နှစ်ပွဲသာ ရှုံးနိမ့်ထားပြီး နောက်ဆုံး ၁၃ ပွဲဆက် ရှုံးပွဲမရှိအောင် ကစားထားနိုင်သည်။ ထို့အပြင် မိုဗစ်သည် လိဂ်ပြိုင်ပွဲ၌ ၁၈ ပွဲကစားထားကာ ၁၀ ဂိုးသွင်းယူထားနိုင်ပြီး ဂိုးရရှိအောင် ငါးကြိမ်ထောက်ပံ့ပေးထားနိုင်သူဖြစ်သည်။ မိုဗစ်သည် အေစီမီလန်အသင်းသို့ မပြောင်းရွှေ့မီ LA ဂလက်ဆီအသင်းတွင် နှစ်ရာသီကြာကစားခဲ့ပြီး ၅၈ ပွဲတွင် ၅၃ ဂိုးအထိ သွင်းယူထားနိုင်သူလည်းဖြစ်သည်။ မိုဗစ်သည် ကစားသမားဘဝတစ်လျှောက် ပြိုင်ပွဲစုံ ၈၀၈ ပွဲကစားထားပြီး ၄၈၅ ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့အပြင် မိခင်နိုင်ငံ ဆွီဒင်အသင်းအတွက်လည်း ၁၁၆ ပွဲပါဝင်ကစားထားပြီး ၆၂ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။

အေစီမီလန်အသင်းနှင့် စာချုပ်သစ်ဆိုပြီးနောက် မိုဗစ်က "အိမ်လိုခံစားရတဲ့နေရာကို ပြန်လာခွင့်ရတဲ့အတွက် ကျွန်တော်အလွန်ပဲပျော်ပါတယ်။ ပြီးခဲ့တဲ့ ခြောက်လအတွင်းမှာ ကျွန်တော်တို့ အကောင်းဆုံး လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဘာဆုဖလားမှတော့ မပိုင်ဆိုင်လိုက်ဘူးပေါ့" ဟု ပြောကြားသည်။

အေစီမီလန်အသင်းသည် စီးရီးအေအမှတ်ပေးဖလားနှင့်ဝေးကွာနေသည်မှာ ဆယ်စုနှစ်တစ်စုကြာမြင့်ခဲ့ပြီဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ခြောက်နှစ်ကြာ ဝေးကွာနေသည့် အသင်းဖြစ်သည်။ မိုဗစ်သည် အေစီမီလန်အသင်းနှင့် အတူ ၂၀၁၀-၁၁ ခုနှစ်တွင် စီးရီးအေအမှတ်ပေးဖလားကို ဆွတ်ခူးရရှိထားသည့်အပြင် ၂၀၁၁ ခုနှစ်တွင်လည်း အီတလီစူပါဖလားကို ဆွတ်ခူးရရှိထားသူ ဖြစ်သည်။ သို့သော်လည်း အေစီမီလန်အသင်းသည် မိုဗစ်နှင့်အတူ ၂၀၁၀-၁၁ ခုနှစ်တွင် စီးရီးအေအမှတ်ပေးဖလားကို ဆွတ်ခူးရရှိခဲ့ပြီးနောက် ယခုအချိန်အထိ အောင်မြင်မှုနှင့် ဝေးကွာနေသည့်အသင်းဖြစ်သည်။

အေစီမီလန်အသင်းသည် ယူရိုပါလိဂ်ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၁၇ ရက်တွင် ရှမ်းလော့ ရိုဗာစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အေစီမီလန်အသင်းသည် ပြီးခဲ့သည့် ရာသီစီးရီးအေအမှတ်ပေးဇယားတွင် အဆင့် ၆ ဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သောကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲကို ဒုတိယအဆင့်ခြေစစ်ပွဲမှ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့်အသင်းဖြစ်သည်။

**အောင်ဇော်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၂၈ စီး၊ သွင်းကုန် ၃၄၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၀၀၀ သန်းတန်ဖိုးရှိ တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ CHEVROLET (Double Cub) ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ ရေတွင်းထဲသို့ဆင်း၍ နုန်းနှင့် အမှိုက်များ ဆယ်ယူရာမှ အောက်ဆီဂျင်ပြတ်ပြီး အမျိုးသားတစ်ဦးသေဆုံး

**မိတ္ထီလာ စက်တင်ဘာ ၁**

မိတ္ထီလာမြို့နယ် မင်းရွာကျေးရွာတွင် ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီခွဲခန့်က ရေတွင်းထဲသို့ဆင်း၍ နုန်းနှင့် အမှိုက်များ ဆယ်ယူရာမှ အောက်ဆီဂျင်ပြတ်ပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

မိတ္ထီလာမြို့နယ် မင်းရွာကျေးရွာနေ ကိုမျိုးအောင်သည် ဖခင်ဖြစ်သူ ဦးစိန်လင်း၊ ကိုပဲပဲ (ခ) ဇော်နိုင်တို့နှင့်အတူ တောင်သူ ဦးစိန်လင်း၏ ယာတောအတွင်းရှိ အကျယ် ၇ ပေ အနက် ၄၅ ပေရှိ ရေတွင်းထဲမှ နုန်းနှင့် အမှိုက်များ ဆယ်ယူရာတွင် ဦးစိန်လင်းနှင့် ကိုပဲပဲ (ခ) ဇော်နိုင်တို့က ရေတွင်းအပေါ်မှနေပြီး ကိုမျိုးအောင်က ရေတွင်းထဲသို့ ဆင်းသွားစဉ် ခဏအကြာတွင် ဦးစိန်လင်း က ကိုမျိုးအောင်အား ရေပုံးချရတော့မလားဟု မေးမြန်းစဉ် ပြန်လည်ဖြေကြားခြင်း မရှိသဖြင့် ဦးစိန်လင်းက ရေတွင်းထဲသို့ဆင်းသွားရာ ဦးစိန်လင်းလည်း ခေါ်မရသဖြင့် ကိုပဲပဲ (ခ) ဇော်နိုင်က ပတ်ဝန်းကျင်ကို အကူအညီတောင်းခံကာ ဦးစိန်လင်းနှင့် ကိုမျိုးအောင်တို့အား ရေတွင်းထဲမှ ဆယ်ယူခဲ့သည်။ ဦးစိန်လင်းမှာ သတိပြန်လည်ရရှိပြီး ကိုမျိုးအောင်မှာ သတိမရသဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ရာ ဆေးရုံသို့ ရောက်ရှိပြီး နံနက် ၁၀နာရီခွဲခန့်တွင် သေဆုံးသွားကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## မိုင်းဖြတ်၌ ထုံးဖိုအတွင်းပြုတ်ကျ၍ အမျိုးသားတစ်ဦးသေဆုံး


**မိုင်းဖြတ် စက်တင်ဘာ ၁**


ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့တွင် ဩဂုတ် ၃၁ ရက်က ပြည်ငြိမ်းအေးကျေးရွာအနီးရှိ ဒေါ်မြတ်မြတ်ချော ပိုင်ဆိုင်သည့် ထုံးဖိုလုပ်ငန်း၌ အသက် ၃၈ နှစ်အရွယ် အမျိုးသားတစ်ဦး ထုံးဖိုအတွင်း ခြေချော်၍ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ထုံးဖိုလုပ်ငန်းတွင် ပဲခူးတိုင်းဒေသကြီး ညောင် ခြေထောက်ကျေးရွာနေ ထုံးဖိုလုပ်သား ဦးသန်းနိုင်သည် ဖုတ်ပြီးသားထုံးဖိုကို စစ်ဆေးရန် ထုံးဖိုပေါ်၌ အုပ်ထားသည့် မိုးကာစနှင့် အုတ်ခဲများကို ဖယ်ရှားရှင်းလင်းစဉ် ခြေချော်၍ ထုံးဖိုအတွင်းပြုတ်ကျပြီး ထုံးများပိ၍သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းဖြတ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**



# ဩစတြေးလျတွင် သတင်းအချက်အလက်များ မျှဝေမှုကို ပိတ်သွားမည်ဟု ဖေ့စ်ဘွတ်မှ ခြိမ်းခြောက်




**ဆစ်ဒနီ စက်တင်ဘာ ၁**

ဩစတြေးလျအစိုးရအနေဖြင့် ဖေ့စ်ဘွတ်ကုမ္ပဏီကို သတင်းများအတွက် ပိုက်ဆံပေးရန် ဖိအားပေးပါက ဩစတြေးလျရှိ ဖေ့စ်ဘွတ်သုံးစွဲသူများအတွက် သတင်းအချက်အလက်သစ်များ မျှဝေမှုကို ကုမ္ပဏီဘက်မှ ပိတ်ပင်မည်ဟု ဖေ့စ်ဘွတ်က ခြိမ်းခြောက်ခဲ့သည်။

ဩစတြေးလျမှ လူမှုကွန်ရက် အသုံးပြုသူများသည် ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်များပေါ်မှ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း သတင်းအချက်အလက် မျှဝေမှုကို ပိတ်ပင်မည်ဟု ကုမ္ပဏီဘက်မှ ပြောကြားသည်။

ဩစတြေးလျအစိုးရသည် ဖေ့စ်ဘွတ်နှင့် ဂူဂဲလ်ကို ဖိအားပေးသည့်အနေဖြင့် ဒေသတွင်း အကြောင်းအရာများအတွက် သတင်းပိုင်ရှင်ကို ငွေကြေးပေးရမည်ဟု ဖိအားပေးခဲ့သည်။ ထိုသို့မပေးခဲ့ပါက ငွေကြေးသန်းနှင့်ချီ၍ ဒဏ်တပ်မည်ဟုလည်း ဥပဒေရေးဆွဲခဲ့သည်။

အဆိုပါ စည်းမျဉ်းသတ်မှတ်ချက်သည် အင်တာနက်၏ရွေ့လျားပြောင်းလဲနိုင်သည့်စွမ်းအားကို အထင်အမြင်လွဲမှားခြင်းပင်ဖြစ်ပြီး ဩစတြေးလျ သတင်းမီဒီယာအတွက် ဖေ့စ်ဘွတ်ကုမ္ပဏီသည် ဒေါ်လာသန်းနှင့်ချီ၍ ရင်းနှီးမြှုပ်နှံပြီးပြီဟုလည်း ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံဆိုင်ရာ ဖေ့စ်ဘွတ်မှမန်နေဂျင်းဒါရိုက်တာ ဝေလ်အက်စ်တန်က ပြောသည်။

အေအက်ဖ်ပီ

# ဂျပန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် အလုပ်နေရာပေါင်း ၅၀၀၀၀ ကျော် ဆုံးရှုံးမှုဖြစ်ပေါ်

**တိုကျို စက်တင်ဘာ ၁**

ဂျပန်နိုင်ငံတွင် လူပေါင်း ၅၀၀၀၀ ကျော်မှာ ကိုဗစ် – ၁၉ ကြောင့် အလုပ်နေရာဆုံးရှုံးခြင်း သို့မဟုတ် အလုပ်နေရာ ဆုံးရှုံးရတော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်ဟု ဂျပန်အလုပ်သမားဝန်ကြီးဌာနက ပြောသည်။

အလုပ်စာချုပ် ထပ်မံချုပ်ဆိုရန် အငြင်းခံရသည့် ဝန်ထမ်းများ၊ ရောင်းအားကျဆင်းမှုကြောင့် အလုပ်နေရာ ဆုံးရှုံးရတော့မည့်ဝန်ထမ်းများအား ဝန်ကြီးဌာနက စစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

ဇန်နဝါရီမှ ဩဂုတ် ၃၁ ရက်အထိ လူပေါင်း ၅၀၃၂၆ ဦးမှာ အလုပ်အကိုင် ဆုံးရှုံးခဲ့ရကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ယခု ကောက်ယူထားသည့် အချက်အလက်များမှာ အလုပ်အကိုင်ရှာဖွေရေးရုံးများနှင့်ဒေသတွင်း အလုပ်သမားဗျူရိုတို့မှ စာရင်းများအရ ကောက်ယူထားခြင်းသာ ဖြစ်သည့်အတွက် တကယ်ကိန်းဂဏန်းအစစ်အမှန်မှာ ယင်းထက် ပိုများနိုင်ကြောင်း ဝန်ကြီးဌာနက ယုံကြည်ထားသည်။

ကိုဗစ် – ၁၉ နှင့် ဆက်စပ်ပြီး အလုပ်အကိုင် ဆုံးရှုံးသူပေါင်းမှာ မေ ၂၂ ရက်တွင် ၁၀၀၀၀ အထိရှိသည်။ ဇူလိုင် ၁ ရက်တွင် အလုပ်အကိုင်ဆုံးရှုံးသူဦးရေမှာ ၃၀၀၀၀ အထိ ရှိပြီး ဇူလိုင် ၂၉ ရက်တွင်မူ ၄၀၀၀၀ အထိ ရှိလာသည်။ အစိုးရ၏ ထောက်ပံ့ကြေးအစီအစဉ်ကိုရယူကာ လုပ်ငန်းရှင်များအနေဖြင့် အလုပ်အကိုင်များ ဆက်လက်ထိန်းသိမ်းထားရန် ဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ထို့ပြင် အလုပ်လက်မဲ့ဖြစ်သွားရသူများ အလုပ်အကိုင်သစ် ရှာဖွေနိုင်ရေး ကူညီပေးသွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




နစ်ရှိနီပွန်ဘဏ်မှ ဝန်ထမ်းသစ်တစ်ဦးကို အပူချိန်တိုင်းတာနေစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အရေးပေါ်အခြေအနေတွင် အတည်ပြုပေးသွားရန် အမေရိကန်အက်ဖ်ဒီအေ အကြီးအကဲက အရိပ်အမြွက်ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၁**

ကိုဗစ် – ၁၉ ကာကွယ်ဆေးကို လက်တွေ့ စမ်းသပ်မှု မပြီးမြောက်ခင် အရေးပေါ်အခြေအနေအဖြစ် အတည်ပြုပေးသွားရန် အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (အက်ဖ်ဒီအေ )မှ အကြီးအကဲက အကြံပြုထားသည်ဟု သိရသည်။

ဗြိတိန်နိုင်ငံ၏ Financial Times နှင့် အင်တာဗျူး ပြုလုပ်စဉ် အက်ဖ်ဒီအေမှ ကော်မရှင်နာ စတက်ဖန်ဟန်က ပြောကြားခဲ့သည်။ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုများသည် ဆိုးကျိုးထက် ကောင်းကျိုးက အလေးသာနေပါက နောက်ဆုံးအဆင့်သုံး အပြီးသတ် စမ်းသပ်မှု မပြီးမြောက်မီ အရေးပေါ် ခွင့်ပြုမိန့် ချမှတ်ပေးနိုင်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ယင်းကိစ္စမှာလည်း ကာကွယ်ဆေး ထုတ်လုပ်သူများ၏ အတည်ပြုချက် တောင်းခံသည့် အပေါ်တွင် မူတည်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကာကွယ်ဆေးများသည်ပုံမှန်အားဖြင့် အစိုးရက အဆိုပါကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှုနှင့် အကျိုးသက်ရောက်မှုကို အတည်ပြုခွင့်ပြုချက်ပေးပြီးမှသာလျှင် ပြည်သူလူထု၏ လက်ထဲသို့ ဖြန့်ဝေပေးလေ့ရှိသည်။ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ထရမ့်အစိုးရက ဖိအားပေးမှုများ ရှိ မရှိ ကို မေးမြန်းရာ ဖိအားပေးမှု မရှိကြောင်း အက်ဖ်ဒီအေ အကြီးအကဲက ပြောကြားသည်။

သို့သော်လည်း ၎င်း၏ပြောကြားမှုအပေါ် ကျွမ်းကျင်သူများက ဝေဖန်ကြပြီး လက်တွေ့စမ်းသပ်မှုအဆင့်အားလုံး မပြီးမြောက်မီ ကာကွယ်ဆေးကို အရေးပေါ် ထောက်ခံပေးခြင်းမှာ ပုံမှန်မဟုတ်သည့်အရာဟု ဝေဖန်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်အက်ဖ်ဒီအေမှ ကော်မရှင်နာ ဒေါက်တာ စတက်ဖန်ဟန် ဩဂုတ် ၂၃ ရက်က မိန့်ခွန်းပြောကြားနေစဉ်။

## အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးအရ ဆက်ဆံမှုမြှင့်တင်ကြရန် အီရန်သမ္မတ တိုက်တွန်း

**တီဟီရန် စက်တင်ဘာ ၁**

အီရန်သမ္မတ ဟက်ဆန်ရိုဟာနီသည် အီရန်နိုင်ငံ၏ ဒေသတွင်းအလေးထားဦးစားပေးရမည့် မူဝါဒတစ်ခုအဖြစ် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးသည့် စီးပွားရေးချည်နှောင်မှုကို မြှင့်တင်ကြရန် ပြောကြားခဲ့သည်ဟု တက်စ်နင်သတင်းအေဂျင်စီတွင် စက်တင်ဘာ ၁ ရက်က ဖော်ပြခဲ့သည်။

အီရန်နိုင်ငံ၏ဒေသတွင်း ဦးစားပေးလုပ်ဆောင်ရမည့်အရာမှာ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာအောင် ပြုလုပ်ရမည်ဖြစ်ပြီး အထူးသဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးတို့တွင် ဆက်ဆံရေးတိုးမြှင့်ရမည်ဟု အီရန်သမ္မတက ပြောကြားခဲ့သည်။

ဒေသတွင်းနိုင်ငံများနှင့် သမိုင်းကြောင်းအစဉ်အလာအရ ချည်နှောင်မှုများသည် နိုင်ငံများအကြား အတူတကွပူးပေါင်းဆက်ဆံရေးကို အားကောင်းစေမည်ဖြစ်ကာ အကျိုးဆက်အနေဖြင့် ဒေသတွင်းအစိုးရများနှင့် နိုင်ငံများ၏ ကောင်းကျိုးအတွက် ဆောင်ရွက်နိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ဒေသတွင်းနိုင်ငံများသည် ညီအစ်ကိုများဖြစ်ကြပြီး အိမ်နီးချင်းနိုင်ငံများနှင့် အခင်အမင်မပျက် ရှေ့ဆက်နိုင်ခြင်းဖြင့် ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သွားစေနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စီးပွားရေးအရ ဆောင်ရွက်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထောက်အကူပြုစေသည်ဟုလည်း အီရန်သမ္မတက ပြောကြားသည်။

ဆင်ဟွာ

## အမေရိကန်တွင် ကိုဗစ်- ၁၉ ဖြစ်ပွားသူ ခြောက်သန်းကျော်လာ

**နယူးယောက် စက်တင်ဘာ ၁**

အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားသူ ခြောက်သန်းကျော် ရောက်ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်လိုက်သော စာရင်းများအရ သိရသည်။ ဩဂုတ် ၃၁ ရက်အထိ အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၀၀၂၆၁၅ ဦးအထိ ရောက်ရှိလာခဲ့ချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၁၈၃၂၀၃ ဦးအထိ ရောက်ရှိလာခဲ့သည်။ ကိုဗစ် –၁၉ ဒဏ်ကို အဆိုးရွားဆုံးခံစားနေရသော ပြည်နယ်ဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ်တွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၇၀၆၇၃၁ ဦးရှိသည်။ တက္ကဆက်နှင့် ဖလော်ရီဒါတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၆၂၀၀၀၀ အထိ ရှိခဲ့သည်။ နယူးယောက်တွင် ၄၃၄၁၀၀ ရှိခဲ့သည်။ **ဆင်ဟွာ**

## အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း အိုကီနာဝါကိုတိုက်ခတ်

**တိုကျို စက်တင်ဘာ ၁**

ဂျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါကျွန်းကို အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း မေဆက်ခ်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နေအိမ်များ လဲပြိုခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၁ ရက်က ဖော်ပြလိုက်သည်။

ခရိုင်မြို့တော် နာဟာတွင် အဆောက်အအုံတစ်ခု၏ နံရံများပြိုကျကာ လေနှင်ရာရောက်ရှိခဲ့ပြီး အနီးရှိယာဉ်ရပ်ကွင်းနှစ်ခုပျက်စီးခဲ့သည်။ လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူလေးဦး ဒဏ်ရာများရရှိခဲ့သော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း အရာရှိများက ပြောကြားသည်။

အိုကီနာဝါရှိ အိမ်ထောင်စုပေါင်း ၃၀၀၀၀ ကျော် လျှပ်စစ်မီးများပြတ်တောက်လျက်ရှိသည်။ လေကြောင်းလိုင်းပေါင်း ၂၅၀ ကျော် ဖျက်သိမ်းခဲ့သည်။ ဘတ်စ်ကားနှင့် ကြိုပို့ယာဉ်ဝန်ဆောင်မှုများ ပိတ်သိမ်းခဲ့သည်။ တိုင်ဖွန်းမေဆက်ခ်သည် ယခုအခါ တဖြည်းဖြည်း အဝေးသို့ ရွေ့လျားသွားပြီဖြစ်သော်လည်း မိုးလေဝသအရာရှိများက လေပြင်းတိုက်ခတ်မှု၊ လှိုင်းကြီးမှုနှင့် ရေကြီးနိုင်မှုတို့ကို သတိပေးခဲ့သည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် ကျူးရှူးအနောက်ပိုင်းသို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းကျော်လာမှုနှင့်အတူ ကမ္ဘာပေါ်တွင် စတုတ္ထအများဆုံး ကိုဗစ်- ၁၉ ကူးစက်သည့်နိုင်ငံဖြစ်လာ

မော်စကို စက်တင်ဘာ ၁

**ရုရှားနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း တစ်သန်းကျော်လာသော်လည်း စာသင်နှစ် အစပြုခဲ့သည့်ပထမဆုံးနေ့တွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းသားများ ကျောင်းပြန်တက်နေကြပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၁ ရက်က ဖော်ပြခဲ့သည်။**

ရုရှားကျန်းမာရေးအာဏာပိုင်များက ကိုဗစ်– ၁၉ အသစ်ထပ်မံကူးစက်ခံရသူ ၄၇၂၉ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၁၀၀၀၀၄၈ ဦး ရှိလာကြောင်းနှင့် အမေရိကန်၊ ဘရာဇီးနှင့် အိန္ဒိယပြီးလျှင် ကမ္ဘာတွင် စတုတ္ထအများဆုံး ကိုဗစ် – ၁၉ ကူးစက်ခံရသည့်နိုင်ငံဖြစ်လာကြောင်း ဖော်ပြခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒုတိယကမ္ဘာစစ် သင်ခန်းစာကို ကျောင်းသား ၁၇ သန်းနှင့် ဆရာ၊ ဆရာမ ၁ ဒသမ ၅ သန်းကျော် အွန်လိုင်းသင်ကြားမှုများ လုပ်ဆောင်ခဲ့မည်ဟု ခန့်မှန်းကြောင်း ဖော်ပြခဲ့သည်။

ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်ပြီးနောက် ကိုဗစ် – ၁၉ ကို ပြန်လည်ထိန်းချုပ် ဟန့်တားနေရကြောင်း ဥရောပခေါင်းဆောင်များက ပြောကြားလိုက်ပြီး ကိုဗစ်– ၁၉ ကူးစက်မှု တိုးလာလာနိုင်သည့်အပေါ် မိဘများက စိုးရိမ်ပူပန်မှုများ ရှိနေသော်လည်း ဥရောပတစ်ဝန်းရှိ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံသည် အမြင့်ဆုံး ကူးစက်နှုန်းကို ကျော်လွန်ရောက်ရှိခဲ့ပြီးနောက် ဒုတိယကမ္ဘာစစ် အထိမ်းအမှတ်အခမ်းအနား မကျင်းပမီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဆန္ဒမဲပေးမှုမတိုင်မီ အစိုးရက ဇွန်လတွင် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ကြောင်း ပြောကြားလိုက်သည်။

အစိုးရ၏ ဗိုင်းရပ်စ်ဆန့်ကျင်ရေး သတင်းအချက်အလက်ဝက်ဘ်ဆိုဘ်က ယခု သီတင်းပတ်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် စာသင်ခန်းများအတွင်း၊ မုန့်ဈေးတန်းများအတွင်း၊ နေ့လယ်စာခဏနားချိန်များအတွင်း နှာခေါင်းစည်းများ တပ်ဆင်ရန် မလိုအပ်ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း ကျောင်းသား ကျောင်းသူများသည် ကျောင်းသို့ ရောက်ရှိချိန်တွင် အပူချိန်စစ်ဆေးတိုင်းတာခံရမည်ဖြစ်ကြောင်း စားသုံးသူစောင့်ကြည့်ရေးဆိုင်ရာ အကြီး




၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက် (ကျောင်းပထမဆုံးရက်)တွင် စိန့်ပီတာစဘတ်ရှိ ကျောင်းတစ်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို အုပ်ချုပ်သူများနှင့်အတူ တွေ့ရစဉ်။

အကဲအန်နာပိုပိုဗာက ပြောကြားလိုက်သည်။ ထို့အပြင် အကယ်၍ နေသိပ်မကောင်းဟု ခံစားချက်ရှိလျှင် သို့မဟုတ် ခံစားနေရလျှင် ကျောင်းသို့ လုံးဝမသွားရန် ၎င်းက ဆက်လက် ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ပေကျင်း စက်တင်ဘာ ၁**

လွန်ခဲ့သောနှစ်ကုန်ပိုင်းတွင် ကိုဗစ်– ၁၉ ပထမဆုံး စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံအလယ်ပိုင်း မြို့တစ်မြို့ဖြစ်သော ဝူဟန်မြို့တွင် ခုနစ်လကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျောင်းသား ကျောင်းသူများသည် ကျောင်းများ ပြန်လည်တက်ရောက်နေကြပြီ ဖြစ်သည်။

ကျောင်းသား ကျောင်းသူပေါင်း ၁ ဒသမ ၄ သန်းနီးပါးသည် ဝူဟန်မြို့ရှိ မူလတန်းကြို၊ မူလတန်း၊ အလယ်တန်းကျောင်းပေါင်း ၂၈၀၀ သို့ ပြန်လည်တက်ရောက်နေပြီဖြစ်သည်။ မေလတွင် အထက်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါတွင် တခြားအတန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လူစုလူဝေးမလုပ်ရန် သတိပေးထားသော်လည်း



တရုတ်နိုင်ငံ ဝူဟန်မြို့၌ ခုနစ်လကျော်ကာလအတွင်း ပထမဆုံးအကြိမ် ကျောင်းပြန်တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကို ဆရာ ဆရာမများက ဂုဏ်ပြုကြိုဆိုကြစဉ်။

နိုင်ငံပိုင်မီဒီယာ၏ ရုပ်သံထုတ်လွှင့်မှုများတွင်လည်း ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်အလံများကို ဝှေ့ယမ်းကိုင်ဆောင်ထားသည်ကို တွေ့ရသည်။

စာသင်ကျောင်းများသည် အကယ်၍ ကိုဗစ်– ၁၉ ကူးစက်မှု ပြန်လည်ဖြစ်ပွားလာခဲ့ပါက အွန်လိုင်းသင်ကြားခြင်းဖြင့် စတင်နိုင်ရန် အစီအစဉ်များ ရေးဆွဲထားကြောင်း လွန်ခဲ့သော သီတင်းပတ်တွင် မြို့တော်အရာရှိများက ပြောကြားလိုက်သည်။

ကျောင်းသား ကျောင်းသူများကို နှာခေါင်းစည်းများ တပ်ဆင်ရန် တိုက်တွန်းထားကြောင်းနှင့် ဖြစ်နိုင်ပါက အများပြည်သူသုံး ဘတ်စ်ကား သို့မဟုတ် ရထားများကို ရှောင်ကြဉ်ရန်လည်း တိုက်တွန်းထားကြောင်း သိရသည်။

စာသင်ကျောင်းများအနေဖြင့်လည်း ကိုဗစ်– ၁၉ အသစ်ထပ်မံ ဖြစ်ပွားလာပါက မည်ကဲ့သို့ ပြင်ဆင်ထားရှိရမည်ဆိုသည်ကို လေ့ကျင့်မှုများ ပြုလုပ်ထားကြရန် အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ကိုဗစ်– ၁၉ ကြောင့် လူပေါင်း ၄၆၀၀ ခန့် သေဆုံးခဲ့ရာ ၈၀ ရာခိုင်နှုန်းမှာ ဝူဟန်မြို့မှဖြစ်ကြောင်းနှင့် ဝူဟန်မြို့ကို ဇန်နဝါရီလနှောင်းပိုင်းမှစကာ နှစ်လကျော်ကြာသည်အထိ တင်းကျပ်သော ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ဆောင်ရွက်ခဲ့သည်။ မေလတွင်လည်း လူပေါင်း ၁၁ သန်းခန့် ကိုဗစ်– ၁၉ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် ယခုအခါတွင် ကိုဗစ်– ၁၉ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ဇန်နဝါရီလမှစကာ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများကိုလည်း တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်လာပြီ ဖြစ်သည်။ **အေအက်ဖ်ပီ**

### အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးမှုကြောင့် သေဆုံးသူ ၁၉၀ အထိရှိလာ

**ကဘူးလ် စက်တင်ဘာ ၁**

အာဖဂန်နစ္စတန် အရှေ့ပိုင်းတောင်တန်းထူထပ်သည့်ဒေသတွင် ဩဂုတ် ၂၅ ရက်မှ စတင်ကာ မိုးသည်းထန်စွာ ရွာမှုနှင့် တောင်ကျရေများ စီးဆင်းမှုကြောင့် သေဆုံးသူ ၁၉၀ ရှိပြီး ဒဏ်ရာရရှိသူ ၁၇၂ ဦး ရှိသည်ဟု အာဏာပိုင်များက စက်တင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်မှစတင်ကာ အာဖဂန်နိုင်ငံအရှေ့ပိုင်း ပြည်နယ် ၁၄ ခုတွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ပြီး နေအိမ်ပေါင်း ၁၀၅၅ လုံး ပျက်စီးခဲ့ရကာ နေအိမ်ပေါင်း ၂၉၆၀ မှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရသည်ဟု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြည်နယ်ဝန်ကြီး ဂူလန်ဘာဟူဒင်ဂျေလာနီက ပြောသည်။

ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံး ခံစားနေရသည့် ပါဝန်ပြည်နယ်တွင် လူ ၁၂ ဦးမှ ၁၅ ဦးအထိ ပျောက်ဆုံးနေဆဲဖြစ်ပြီး ကလေးတစ်ဦး၏ အလောင်းကိုလည်း ဩဂုတ် ၃၁ ရက်တွင် တွေ့ရှိခဲ့ရသည်။

**ဆင်ဟွာ**

# ပါတီခေါင်းဆောင် ရွေးကောက်တင်မြှောက်ရန် အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အဆင်သင့်ဖြစ်ဟုဆို

**တိုကျို စက်တင်ဘာ ၁**

ဂျပန်နိုင်ငံ၏ အဓိကအာဏာရပါတီ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် သီတင်းပတ်နှစ်ပတ်အတွင်း ကျစ်လျစ်သည့်ရွေးကောက်ပွဲဖြင့် နောက်တက်လာမည့် ဂျပန်ဝန်ကြီးချုပ်သစ်ကို ရွေးချယ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲတွင် အနိုင်ရသူသည် ကျန်းမာရေးကြောင့် ရာထူးမှနုတ်ထွက်မည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနေရာတွင် ဆက်ခံရမည်ဖြစ်သည်။

ပါတီနှစ်ရပ်မှ ဩဇာရှိသူများက ၎င်းတို့၏ ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို ကြေညာခဲ့ပြီးဖြစ်သလို ဝင်ရောက်ယှဉ်ပြိုင်ရန်သာရှိတော့ကြောင်း သိရသည်။

ပထမဆုံး ဂျပန်ဝန်ကြီးချုပ်နေရာကို ဆက်ခံရန် ဝင်ရောက်ယှဉ်ပြိုင်မည့်သူမှာ ယခင်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကီရှီးဒါး ဖူမီယိုဖြစ်ပြီး ၎င်းသည် ပါတီ၏မူဝါဒရေးရာ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

မိမိသည်ပြည်သူ့အသံကို ဂရုတစိုက် နားထောင်မည့် ခေါင်းဆောင်တစ်ယောက်ဖြစ်ရန် ရည်ရွယ်ကြောင်း၊ ပြည်သူများနှင့် လက်တွဲလုပ်ဆောင်နိုင်သည့် ခေါင်းဆောင်တစ်ယောက်ဖြစ်လိုကြောင်း ကီရှီးဒါးက ပြောသည်။

ကီရှီးဒါးသည် အချိန်ကာလအတော်ကြာသည်အထိ ဂျပန်ဝန်ကြီးချုပ် အာဘေးကို ထောက်ခံခဲ့သူဖြစ်သည်။ သို့သော်လည်း ၎င်းသည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ထောက်ခံချက်ကို မရရှိထားကြောင်း သိရသည်။

ထို့အတူ ဝန်ကြီးချုပ်နေရာအတွက် အင်္ဂါနေ့တွင် နောက်ထပ်ပြိုင်ပွဲဝင်မည့်သူမှာ ယခင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအတွင်းရေးမှူးချုပ် အီရှီဘာရှီဂီရုဖြစ်ကြောင်း သိရသည်။ နောက်ဆုံးတစ်ယောက်ကို မကြေညာရသေးသော်လည်း ၎င်းသည် ပါတီအတွင်း ထောက်ခံမှုများကို ရရှိထားသူဖြစ်ကြောင်း သိရသည်။

ထို့အတူ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ဆူဂါယိုရှိဟီဒဲလည်း ဗုဒ္ဓဟူးနေ့တွင် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဟု မျှော်လင့်ထားသည်။

ချောမွေ့မြန်ဆန်စွာ အာဏာလွှဲပြောင်းနိုင်ရေးအတွက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ၎င်း၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကျစ်ကျစ်လျစ်လျစ် လုပ်ဆောင်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်ဝန်ကြီးချုပ်နေရာကို ဆက်ခံရန် ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများကိုတွေ့ရစဉ်။

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၇၄၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၉၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၄) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- စုစုပေါင်း (၁,၇၅၃)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦး တွေ့ရှိရပါသည်။

၂။ (၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၉၁၉) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃)ဦး (Case- 319,367,388) ရှိသဖြင့် စုစုပေါင်း (၃၅၇) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၄၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

**(၁-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၇၅၃) ခုအနက် အတည်ပြုလူနာ (၃၂) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်မြို့နယ် | ၃ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၂ |
| | | လှိုင်သာယာမြို့နယ် | ၁ |
| | | ကမာရွတ်မြို့နယ် | ၁ |
| | | စမ်းချောင်းမြို့နယ် | ၁ |
| | | သဃ်န်းကျွန်းမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၁ |
| | | တာမွေမြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ဝေါမြို့နယ် | ၅ |
| ၃ | ရခိုင်ပြည်နယ် | ပုဏ္ဏားကျွန်းမြို့နယ် | ၃ |
| | | ကျောက်ဖြူမြို့နယ် | ၁ |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၈ |

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၁-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၁) ဦး ရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄၆) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၂) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၀) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၈) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မြောင်းမြမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ဘားအံမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃၂) ဦး | (၉၁၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၃၅၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |



## မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၉၃ ဦး ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၉၃ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက် နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်တွင် ၃၉၃ ဦး စုစုပေါင်း ၇၂၀၀၆ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၅၅ ဦး အမျိုးသမီး ၁၃၈ ဦး စုစုပေါင်း ၃၉၃ ဦး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

### ရွေးကောက်ပွဲ ကျင်းပရန်

၆၇ ရက် သာ

လိုတော့သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ❖ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ❖ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ကိုယ်စားလှယ်ပေါင်း ၉၅၀ ဝင်ရောက် အရွေးချယ်ခံမည်

ရန်ကုန် စက်တင်ဘာ ၁

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အလိုက် လွှတ်တော်အသီးသီးအတွက် ရန်ကုန်တိုင်းဒေသကြီးမှ ကိုယ်စားလှယ်ပေါင်း ၉၅၀ ဝင်ရောက် ရွေးချယ်ခံမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲဆန္ဒနယ်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်တွင် ၂၉၅ ဦး၊ အမျိုးသားလွှတ်တော်တွင် ၇၀၊ တိုင်းဒေသကြီး မဲဆန္ဒနယ်(၁)တွင် ၂၉၅ ဦး၊ မဲဆန္ဒနယ်(၂) တွင် ၂၇၇ ဦး၊ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရခိုင်တိုင်းရင်းသားမဲဆန္ဒနယ်တွင် ခြောက်ဦး၊ ကရင်တိုင်းရင်းသားမဲဆန္ဒနယ်တွင် ခုနစ်ဦးတို့ ဖြစ်ပြီး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၉၅၀ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၄၅ နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၂ နယ်၊ တိုင်းဒေသကြီး မဲဆန္ဒနယ်ပေါင်း ၉၀ တို့တွင် ပါတီပေါင်း ၄၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၃၂ ဦး ပါဝင်မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အတည်ပြုအမည်စာရင်းကို ဩဂုတ် ၃၀ ရက်က သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာပေးပြီးဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

# ခွဲခြားဆက်ဆံခြင်း မဟုတ်



ရခိုင်ပြည်နယ်နှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အရေးပေါ်စီမံကိန်းများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားသည့်အခါ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ချက်များတွင် အရေးအကြီးဆုံးကိစ္စသည် ရောဂါမပြန့်ပွားရေးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများကို အပြင်မထွက်ကြရန် ပြောကြားသည်မှာ ဒဏ်ပေးခြင်းမဟုတ်ပါကြောင်း၊ တစ်နိုင်ငံလုံးသို့ ရောဂါပြန့်ပွားသွားလျှင် အားလုံးကို ထိထိရောက်ရောက် စောင့်ရှောက်မှုပေးရန် များစွာခက်ခဲပါကြောင်း၊ တစ်နေရာတည်းတွင် စောင့်ရှောက်မှုပေးရသည်မှာ ပိုမိုထိရောက်လွယ်ကူပါကြောင်း၊ မိမိတို့တွင်ရှိသည့် အရင်းအမြစ်များဖြင့် ပို၍ ပိုင်ပိုင်နိုင်နိုင် လုပ်ဆောင်နိုင်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်မှ ပြင်ပသို့ မသွားရောက်ကြရန် ပိတ်ပင်ထားခြင်းသည် ရောဂါရှိသူများကို ခွဲခြားဆက်ဆံခြင်း မဟုတ်ပါကြောင်း၊ ထိထိရောက်ရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် အုပ်ချုပ်မှုအရ စီမံမှုပေးနိုင်ရန် ဖြစ်ပါကြောင်း ။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၁၉ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၃၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၁၉ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၃၇ ဦးမှာ ရုရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ၃၆ ဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၉၁၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၇ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၄၈ ဦးနှင့် ဩဂုတ် ၃၁ ရက်မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၆၁ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၇၈၄၃ | ၉၁၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၆၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၄၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရခိုင် | ၄၁၅ | |
| ၂ | ရန်ကုန် | ၄၀၃ | ၅ |
| ၃ | ချင်း | ၁၉ | |
| ၄ | မွန် | ၁၆ | |
| ၅ | ပဲခူး | ၁၅ | ၁ |
| ၆ | စစ်ကိုင်း | ၁၀ | |
| ၇ | မန္တလေး | ၇ | |
| ၈ | ရှမ်း(တောင်) | ၆ | |
| ၉ | ကရင် | ၆ | |
| ၁၀ | တနင်္သာရီ | ၅ | |
| ၁၁ | မကွေး | ၄ | |
| ၁၂ | ရှမ်း(မြောက်) | ၃ | |
| ၁၃ | ရှမ်း(ရှေ့) | ၃ | |
| ၁၄ | နေပြည်တော် | ၃ | |
| ၁၅ | ဧရာဝတီ | ၂ | |
| ၁၆ | ကချင် | ၂ | |
| စုစုပေါင်း | | ၉၁၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

## ၁-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၂၁၂၇၀၈ | ၃၄၅၇၃၁၈ | ၁၈၇၇၉၂ |
| ၂။ | ဘရာဇီး | ၃၉၁၀၉၀၁ | ၃၀၉၇၇၃၄ | ၁၂၁၅၁၅ |
| ၃။ | အိန္ဒိယ | ၃၆၉၄၈၇၈ | ၂၈၄၀၀၄၀ | ၆၅၄၆၉ |
| ၄။ | ရုရှား | ၁၀၀၀၀၄၈ | ၈၁၅၇၀၅ | ၁၇၂၉၉ |
| ၅။ | ပီရူး | ၆၅၂၀၃၇ | ၄၆၂၃၂၉ | ၂၈၉၄၄ |
| ၆။ | တောင်အာဖရိက | ၆၂၇၀၄၁ | ၅၄၀၉၂၃ | ၁၄၁၄၉ |
| ၇။ | ကိုလံဘီယာ | ၆၁၅၁၆၈ | ၄၅၉၄၇၅ | ၁၉၆၆၃ |
| ၈။ | မက္ကဆီကို | ၅၉၉၅၆၀ | ၄၁၆၇၃၈ | ၆၄၄၁၄ |
| ၉။ | စပိန် | ၄၆၂၈၅၈ | စိစစ်ဆဲ | ၂၉၀၉၄ |
| ၁၀။ | အာဂျင်တီးနား | ၄၁၇၇၃၅ | ၃၀၈၃၇၆ | ၈၇၃၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁- ၉ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၂၄၂၆၄ | ၁၅၈၀၁၂ | ၃၅၉၇ |
| အင်ဒိုနီးရှား | ၁၇၇၅၇၁ | ၁၂၈၀၅၇ | ၇၅၀၅ |
| စင်ကာပူ | ၅၆၈၅၂ | ၅၅၆၅၈ | ၂၇ |
| မလေးရှား | ၉၃၅၄ | ၉၀၇၅ | ၁၂၈ |
| ထိုင်း | ၃၄၁၇ | ၃၂၇၄ | ၅၈ |
| ဗီယက်နမ် | ၁၀၄၄ | ၇၃၅ | ၃၄ |
| မြန်မာ | ၉၁၉ | ၃၅၇ | ၆ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၆၆ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၃၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ် ဓာတ်ခွဲ နမူနာ (၃၅၆) ခု၊
- နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၅) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၃၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၂၈၈) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၁၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၆၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၈) ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၀၆) ခုနှင့်
- နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၅) ခု စုစုပေါင်း (၂,၁၅၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၀၀) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၅) ဦး တွေ့ရှိကြောင်းကို (၃၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈၈၇) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၀) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၅၆) ခု |
| (၃၁-၈-၂၀၂၀) ရက်နေ့တွင် နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၅) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၅) ဦး | (၈၈၇) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၃၀-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**(၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 788 | ၄၇ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီဆေးရုံကြီး၊ မန္တလေးမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (မန္တလေး ပြည်သူ့ဆေးရုံကြီး) |
| 789 | ၂၆ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ ပုလဲမြို့သစ်) |
| 790 | ၃၉ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြဆေးရုံကြီး) |
| 791 | ၃၃ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြဆေးရုံကြီး) |
| 792 | ၆၀ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြဆေးရုံကြီး) |
| 793 | ၄၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 794 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 795 | ၂၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 796 | ၄၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 797 | ၂၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 578) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 798 | ၂၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 539) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 799 | ၂၄ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 444) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 800 | ၃၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 499) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 801 | ၁၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 499) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 802 | ၂၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 803 | ၃၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 804 | ၃၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 805 | ၂၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 806 | ၂၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 807 | ၅၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 498) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 808 | ၃၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 501) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 809 | ၂၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 551) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 810 | ၁၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 551) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 811 | ၁၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 551) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 812 | ၃၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 527) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 813 | ၅၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 579) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 814 | ၄၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 457) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ (စစ်တွေမြို့) |
| 815 | ၂၁ နှစ် | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြံခင်းမြို့နယ်) |
| 816 | ၄၃ နှစ် | ကျား | တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 642) | မရှိ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 817 | ၁၄ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 818 | ၄၄ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 819 | ၃၉ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 820 | ၅၁ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 821 | ၆၇ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |
| 822 | ၂၈ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန် ပြည်သူ့ဆေးရုံကြီး) |

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 823 | ၂၉ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ ဆေးရုံကြီး) |
| 824 | ၃၆ နှစ် | မ | တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 642) | မရှိ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 825 | ၃ လ | ကျား | တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 642) | မရှိ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 826 | ၂၉ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 650, 660) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 827 | ၃၀ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 650, 660) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 828 | ၃၂ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 604, 662) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 829 | ၂၅ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 604, 662) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 830 | ၂၀ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 604, 662) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့) |
| 831 | ၂၅ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 832 | ၂၃ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 833 | ၅၀ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 834 | ၅၀ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 835 | ၇ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 836 | ၃၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 837 | ၂၉ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 838 | ၃၆ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 839 | ၄၇ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 840 | ၁၂ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 841 | ၁၈ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 842 | ၁၉ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 843 | ၃၀ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 844 | ၄၁ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 845 | ၂၆ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 846 | ၅၆ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 847 | ၁၂ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 848 | ၆၃ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 849 | ၃၁ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 850 | ၃၂ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 851 | ၁၁ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 852 | ၃၄ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 853 | ၃၃ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 854 | ၁၂ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 855 | ၅၆ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 595) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 856 | ၆၃ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 701) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 857 | ၂၄ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 701) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 858 | ၁ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 701) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့) |
| 859 | ၃၇ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 860 | ၅၂ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 734) | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 861 | ၅၁ နှစ် | ကျား | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 862 | ၂၆ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 863 | ၁၉ နှစ် | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| 864 | ၃၂ နှစ် | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| *865 | ၅၂ နှစ် | မ | ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-628) | မရှိ | ပြည်သူ့ဆေးရုံ၊ ရသေ့တောင်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ရသေ့တောင်မြို့နယ်) |
| *866 | ၄၈ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 867 | ၂၇ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-520) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 868 | ၂၇ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-521) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 869 | ၆၀ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 870 | ၃၇ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-521) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 871 | ၃၃ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-522) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 872 | ၅ လ | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 873 | ၅၃ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-525) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 874 | ၂၀ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-525) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 875 | ၁၂ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-525) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 876 | ၄၅ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 877 | ၂၂ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-521) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 878 | ၁၈ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-524) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 879 | ၁၅ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-523) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 880 | ၁၂ နှစ် | ကျား | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-524) | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| *881 | ၂၇ နှစ် | မ | မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မြေပုံမြို့နယ်) |
| 882 | ၄၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| *883 | ၃၅ နှစ် | ကျား | မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မကွေးမြို့နယ်) |
| 884 | ၅၃ နှစ် | မ | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထူးကုဆေးရုံကြီး) |
| 885 | ၅၁ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထူးကုဆေးရုံကြီး) |
| *886 | ၃၂ နှစ် | ကျား | ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပြည်မြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပန်းတောင်းမြို့နယ်) |
| 887 | ၂၇ နှစ် | ကျား | ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မရှိ | ရှိ (ရုရှားနိုင်ငံ) | အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ နေပြည်တော် | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ပုဗ္ဗသီရိမြို့နယ်) |

* ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

## COVID–19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ**(အစား)** နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပထမအကြိမ် မြန်မာအွန်လိုင်းပြပွဲတွင် ပြည်ပနိုင်ငံများက မြန်မာ့စားသောက်ကုန်နှင့် သစ်သီးဝလံများကိုပိုမိုစိတ်ဝင်စား

**ရန်ကုန် စက်တင်ဘာ ၁**

ဩဂုတ် ၃၀ ရက်တွင် ပြီးဆုံးခဲ့သည့် Myanmar Online Expo Park (Virtual) ပြပွဲတွင် ဂျပန်၊ တရုတ်၊ စင်ကာပူနိုင်ငံတို့မှ Business Matching လုပ်ခဲ့ရာ ဂျပန်နိုင်ငံမှ အသင့်စားကုန်များဖြစ်သည့် ငါး သေတ္တာဘူး၊ အမဲသားဆီသွတ်ဘူး၊ အသင့်စား ခေါက်ဆွဲခြောက်၊ ကြာဆံ ခြောက်စသည့် အသင့်စား စားကုန်များ၊ စင်ကာပူနိုင်ငံမှ သရက်သီး၊ ခရမ်းချဉ်သီး၊ ကျွဲကောသီး၊ ငရုတ်သီးစသည့် သစ်သီးဝလံများ၊ တရုတ်နိုင်ငံမှ ပဲ၊ နှမ်း၊ ဆန်စပါး၊ ရေထွက်ပစ္စည်းများ၊ လက်ဖက်ခြောက်၊ ကြာချည်ကဲ့သို့ လူသုံးကုန်ပစ္စည်းများကို ဝယ်ယူရန် စိတ်ဝင်စားမှုရှိကြောင်း မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနမှ သိရသည်။

"စင်ကာပူနိုင်ငံက ဒီမှာ ကန်ထရိုက်လယ်ယာလည်း လုပ်ချင်တယ်။ ဆန်လည်း လိုချင်တယ်။ စင်ကာပူက အစိုးရအနေနဲ့ လိုအပ်ချက်ရှိနေတယ်။ မြန်မာဘက်မှာ ဂွတ်ဘရားသားစ်နဲ့ ထပ်တွေ့ကာဆွေးနွေးပြီး မြန်မာဘက်မှာ တကယ်လုပ်နိုင်မယ့် ကုမ္ပဏီကိုလိုချင်တာပါ။ တရုတ်ဘက်မှာလည်း ဒီပွဲကို Live လွှင့်ပေးထားပြီး အွန်လိုင်းကနေ ကြည့်ရှုသူ လူတစ်သန်းကျော်တယ်။ တရုတ်ဘက်က ကုမ္ပဏီ ၆၀ ပါတယ်။ မြန်မာဘက်က ကုမ္ပဏီ ၄၀ ကျော်ပါတယ်။ မြန်မာဘက်က ဒီပွဲကို အွန်လိုင်းက ကြည့်ရှုသူ လူတစ်သိန်းကျော်တယ်။ ဥရောပ၊ အာရှဘက်ကလည်း ဝင်ကြည့်ပါတယ်။ ဒီဆွေးနွေးပွဲမှာ ၀၃ခြောက် ဆွေးနွေးရာမှာ နမူနာကိုကြိုက်ရင် တစ်လမှာ ၀၃ ခြောက် တန် ၂၀ ပေးနိုင်လား။ တစ်နှစ်ကို ဘယ်လောက်ပေးနိုင်လဲ။ ဈေးစကားပြောတာတွေ ရှိတယ်။ တစ်ကမ္ဘာလုံးက အွန်လိုင်းကဝင်ကြည့်တော့ ဒီပွဲကအောင်မြင်တယ်လို့ ပြောရမယ်။ ဈေးကွက်အကြောင်း နားလည်သွားတော့ ဝယ်လက်ရဲ့ လိုအပ်ချက်ကို နားလည်ပြီး တိုက်ရိုက်ရောင်းဝယ်နိုင်တဲ့အတွက် ဈေးနှုန်းလည်းပိုရမှာမို့ ဒီလိုပွဲတွေမှာ ဝင်ပြပါ။ နိုင်ငံတော်အစိုးရက လုပ်ပေးထားတဲ့ အခွင့်အလမ်းကို ရအောင်ယူပါ။ ကိုယ်တိုင်ဈေးကွက်ရှာပြီး လာမယ့်နှစ်ဖရဲသီး ဘယ်လောက်စိုက်မလဲဆိုတာ အချင်းချင်းဈေးကွက်သတင်းတွေကို မျှဝေနိုင်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနက ကြီးမှူး၍ ဩဂုတ် ၂၄ရက်မှ ၃၀ ရက်အထိ Myanmar Expo Park ကို ပြည်ပဈေးကွက်ရရှိရန် ကျင်းပခဲ့ရာ ပြခန်းပေါင်း ၅၀ ကျော် ပါဝင်ပြသခဲ့ပြီး ကိုရီးယားသမ္မတနိုင်ငံက အလှကုန်ပစ္စည်းများပြသကြောင်း၊ မြန်မာ့ထွက်ကုန်များ ထုတ်လုပ်တင်ပို့သူများ အနေဖြင့် Myanmarexpopark.com တွင် ပြည်ပဝယ်လက်များ၊ ဈေးကွက်များကို ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## ရွှေဘိုခရိုင် ကင်းတပ်ရေလွှဲတမံမှ မိုးစပါးလျာထားကေများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆည်ရေပေးဝေရန်ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**ဒီပဲယင်း စက်တင်ဘာ ၁**

သဖန်းဆိပ်ဆည်ရေသောက်စနစ်တွင်ပါဝင်သော ကင်းတပ်ရေလွှဲတမံကင်းတပ်လက်ယာတူးမြောင်း လက်ဝဲတူးမြောင်း အပါအဝင် ကာဘိုးဆည်အတွက် စိုက်ပျိုးရေများကို ကင်းတပ်ရေလွှဲတမံမှ ထိန်းညှိ၍ ရေများပေးဝေလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က မိုးရွာသွန်းမှုနည်းပါးသဖြင့် သဖန်းဆိပ်ဆည်အတွင်း ရေဝင်ရောက်မှုမှ သတ်မှတ်သိုလှောင်ရေလက်ကျန်ပမာဏနည်းပါးခဲ့သဖြင့် ဆည်ရေပေးဝေနိုင်ခြင်းမရှိသည့်အတွက် ရွှေဘိုခရိုင်အတွင်း ရွှေဘို၊ ရေဦး၊ တန့်ဆည်၊ ခင်ဦး၊ ဝက်လက်မြို့နယ်များတွင် နွေစပါး စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း သိရသည်။

ယခုနှစ် မိုးရာသီတွင်လည်း မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် မိုးစပါးစိုက်ပျိုးရန် သဖန်းဆိပ်ဆည်သိုလှောင်ရေလက်ကျန်ပမာဏနှင့် တွက်ချက်၍ ရွှေဘိုခရိုင် ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်မြို့နယ်များ၏ မိုးစပါးစိုက်ပျိုးလျာထားကေ လေးသိန်းနှစ်သောင်း စိုက်ပျိုးရေပေးဝေရန် လျာထားပြီး မိုးစပါးလျာထားကေများ ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ရေလှည့်စနစ်ဖြင့်ပေးဝေခြင်းများ စီမံဆောင်ရွက်ခြင်း၊ မျှတစွာခွဲဝေသုံးစွဲကြစေရန်နှင့် ရေလေလွင့်နည်းပါးစေရန်အတွက် ရေအသုံးချသူများအဖွဲ့ (WUG) များဖြင့် ပူးပေါင်း၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ရေလှည့်ရက်များတွင် အလှည့်ဖြင့် ရယူသုံးစွဲခြင်း စိုက်ပျိုးရေစနစ်တကျ မျှတစွာခွဲဝေသုံးစွဲနိုင်ရေးနှင့် မူးလက်တန်မြောင်းဖျားပိုင်းအထိ စိုက်ပျိုးရေ ရရှိနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ကွင်းဝန်ထမ်းများက ကြပ်မတ်စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၈၅/၅၉၅ | ကျပ် | ၅၅၅/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၀၀/၆၁၀ | ကျပ် | ၅၆၅/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၆၅/၅၇၅ | ကျပ် | ၅၀၅/၅၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၉၀/၇၁၀ | ကျပ် | ၆၃၅/၆၅၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၄ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၇ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၁ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၈၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၄၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၅၆၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၇၉၀ | ၇၈၂၁၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၄၆၅၆ | ၁၆၈၉၇၅၂၀၀ |
| MCB | – | – | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၅၆ | ၁၂၀၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၄၄၀ | ၁၂၀၈၀၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၅၀ | ၄၆၅၀၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၃၃)

# လွတ်လပ်သော သဘောဆန္ဒ



ဦးဟန်ညွန့် (ဥပဒေ)

**မောင်ပျင်းရိ၏မေးခွန်း**

"ဆရာကြီးခင်ဗျာ၊ ဒီတစ်ပတ်တော့ ပဋိညာဉ်အက်ဥပဒေထဲမှာ ဖော်ပြ ထားတဲ့ လွတ်လပ်သောသဘောဆန္ဒ (Free Consent) အကြောင်း သိချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စာအုပ်စာတမ်းရှာဖွေဖတ်ရှုရတာ ခက်ခဲတဲ့အတွက် ဆရာကြီးအနေနဲ့ အများနားလည်လွယ်တဲ့ စကားလုံးများနဲ့ ရေးသားဆွေးနွေး ပေးပါခင်ဗျား" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးမြန်းလာပါသည်။ ထို့ကြောင့် ဤစာကိုရေးပါသည်။

**လွတ်လပ်သောသဘောဆန္ဒ**

တရားဝင်ပဋိညာဉ်တစ်ရပ် ဖြစ်မြောက်ရန် လွတ်လပ်သောသဘောဆန္ဒ ရှိရမည်။ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၃ တွင် သဘောဆန္ဒပြုခြင်း၏အဓိပ္ပာယ်ကို ဖော်ပြထားသည်။

**ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၃**

လူပုဂ္ဂိုလ်နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသောပုဂ္ဂိုလ်များက တူညီသော ကိစ္စတစ်ခုကို တူညီသောဆန္ဒဖြင့် ပြုလုပ်ဆောင်ရွက်ကြရန် သဘောတူညီခြင်း ကို သဘောဆန္ဒပြုခြင်းဟု ခေါ်သည်။

**ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၄**

သဘောဆန္ဒပေးရာတွင် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိလျှင် လွတ်လပ်သောသဘောဆန္ဒပြုခြင်းဟုခေါ်သည်။




(၁) ပုဒ်မ ၁၅ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း အနိုင်အထက်ပြုခြင်း
(၂) ပုဒ်မ ၁၆ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း မတရားသြဇာသုံးခြင်း
(၃) ပုဒ်မ ၁၇ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း လိမ်လည်ခြင်း
(၄) ပုဒ်မ ၁၈ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း အလွဲတင်ပြပြောဆိုခြင်း
(၅) ပုဒ်မ ၂၀၊ ၂၁၊ ၂၂ တို့အရ သဘောဆန္ဒကို ပျက်ပြယ်စေသော မှားယွင်းခြင်း

အဆိုပါအနိုင်အထက်ပြုခြင်း၊ မတရားသြဇာသုံးခြင်း၊ လိမ်လည်ခြင်း၊ အလွဲတင်ပြပြောဆိုခြင်း (သို့မဟုတ်) မှားယွင်းခြင်းတို့ကြောင့် ဆန္ဒပြုလျှင် လွတ်လပ်သောသဘောဆန္ဒပြုရသည်မဟုတ်ချေဟု ဖော်ပြထားပါသည်။

**ရှင်းလင်းချက်**

တရားဝင်ပင် ပဋိညာဉ်တစ်ရပ် ဖြစ်မြောက်ရန်အတွက် သဘောတူညီမှု ပေးရာတွင် လွတ်လပ်သော သဘောတူညီမှုဖြစ်ရန် လိုအပ်ပေသည်။ အကယ်၍ အမှတ်စဉ် (၁)မှ(၄) အထိပါ အကြောင်းခြင်းရာတစ်ခုခုကြောင့် ပေးရသော သဘောဆန္ဒဖြစ်ပါက ယင်းသဘောတူညီချက်တွင် လွတ်လပ်သော သဘော ဆန္ဒမပါရှိသည့်အတွက် ယင်းတို့ကို ပျက်ပြယ်စေနိုင်သော ပဋိညာဉ်(သို့မဟုတ်) ပျက်ပြယ်နိုင်ခွင့်ရသော ပဋိညာဉ်ဟုခေါ်သည်။ အကယ်၍ အမှတ်စဉ်(၅)ပါ အကြောင်းခြင်းရာအရ မှားယွင်း၍ပေးရသော သဘောဆန္ဒဖြစ်ပါက ပျက်ပြယ်သော သဘောတူညီချက်ဟု ခေါ်ဆိုသည်။

**အနိုင်အထက်ပြုခြင်း(ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၅)**

အနိုင်အထက်ပြုလုပ်ခြင်းဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သဘောတူညီလာစေရန် ရည်ရွယ်ချက်အကြံဖြင့် အဆိုပါပုဂ္ဂိုလ်အား ပြစ်မှုဆိုင်ရာဥပဒေအရ မပြုလုပ်ရန်တားမြစ်ထားသော မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ကျူးလွန်မှုပြုလုပ်ခြင်း(သို့မဟုတ်) ကျူးလွန်မှုပြုလုပ်ရန် ခြိမ်းခြောက်ခြင်း (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးအား ထိခိုက်နစ်နာမှုရှိစေအောင် မည်သည့် ပစ္စည်းမျိုးကိုမဆို ဥပဒေနှင့်ဆန့်ကျင်ပြီးထိန်းသိမ်းထားခြင်း (သို့မဟုတ်) ထိုသို့ထိန်းသိမ်းထားရန် ခြိမ်းခြောက်ခြင်းကို ခေါ်ဆိုသည်ဟု ပုဒ်မ ၁၅ တွင် ပြဋ္ဌာန်းထားပါသည်။

**ရှင်းလင်းချက်**

အနိုင်အထက်ပြုလုပ်သည့် အရပ်ဒေသတွင် ပြစ်မှုဆိုင်ရာဥပဒေအာဏာ တည်သည်(သို့မဟုတ်) အာဏာမတည်သည်ဆိုသောအချက်မှာ အရေးပါ အရာရောက်သောအချက် မဟုတ်ချေ။

**မောင်ပျင်းရိတို့အဖွဲ့နားလည်စေဖို့**

ဤဆောင်းပါးတွင် မောင်ပျင်းရိတို့ လူငယ်ရှေ့နေအဖွဲ့ နားလည်စေချင် သော အဓိကအချက်မှာ လွတ်လပ်သော သဘောတူညီချက်ရှိရေးကို နားလည် စေဖို့ ဖြစ်ပါသည်။ အတင်းအကျပ်မပါဖို့ လိုအပ်ကြောင်း သိစေချင်ပါသည်။ သားအဖနှစ်ဦး၏ ကိုယ်တွေ့ဇာတ်လမ်းကလေးကို တရားရုံး ရောက်သောအမှု အဖြစ် ဥပမာပေးလိုပါသည်။ အောက်ပါ ဥပမာကိုရှုပါ-

**ဥပမာအားဖြင့်**

သားဖြစ်သူက ကတိစာချုပ်တွင် ဖခင်ဖြစ်သူ၏လက်မှတ်အတုကို လိမ်လည်၍ ထပ်ဆင့် လက်မှတ်ရေးထိုးပြီး၊ ထိုကတိစာချုပ်ကို ဘဏ်တိုက် သို့ လွှဲပြောင်းပေးလိုက်၏။ ထို့နောက်ဘဏ်တိုက်သည် ကတိလက်မှတ်ပေါ် တွင် ရေးထိုးထားသောထပ်ဆင့်လက်မှတ်မှာ လက်မှတ်လိမ်ဖြစ်ကြောင်း သိရှိသောအခါ သားဖြစ်သူကို တရားစွဲဆိုမည်ဟု တိုက်ရိုက်မခြိမ်းခြောက် သော်လည်း ဖခင်ဖြစ်သူအား အတင်းအကျပ်ပြေငြိမ်းစေသည်။ ဘဏ်တိုက်က တရားစွဲဆိုလျှင် မိမိ၏သားဖြစ်သူ အမှန်တကယ်ထောင်ကျတော့မည်ကို ဖခင်ကသိရှိ၍ စိုးရိမ်ခြင်းကြောင့်သာ ပြေငြိမ်းရန်ဖခင်ဖြစ်သူက သဘောတူ လိုက်ရသည်။ ထို့ကြောင့် ယင်းသဘောတူညီချက်သည် လွတ်လပ်သော သဘောတူညီချက်မဟုတ်သဖြင့် ပြေငြိမ်းရန် သဘောတူညီခြင်းသည် ပျက်ပြယ်သည်။

**မတရားသြဇာသုံးခြင်း(ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၆)**

ပဋိညာဉ်တစ်ရပ်ချုပ်ဆိုရာတွင် ပါဝင်သော ပုဂ္ဂိုလ်အချင်းချင်းတို့၏ ဆက်ဆံရေးမှာ တစ်ဖက်ပုဂ္ဂိုလ်က ကျန်အခြားတစ်ဖက်ရှိပုဂ္ဂိုလ်၏စိတ်ကို လွှမ်းမိုးခြယ်လှယ်နိုင်သော အခြေအနေမျိုးတွင် ရှိနေပြီး၊ ထိုသို့ လွှမ်းမိုး ခြယ်လှယ်နိုင်သူက လွှမ်းမိုးခံရသောပုဂ္ဂိုလ်ထံမှ မတရားသော အခွင့်အရေး ကိုရရှိစေရန် အဆိုပါအခြေအနေကို အသုံးပြုခဲ့လျှင်၊ ထိုပဋိညာဉ်ကို မတရား သြဇာသုံးခြင်းဖြင့် ချုပ်ဆိုစေသည်မည်၏ဟု ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထား ပါသည်။

**ဥပမာများ**

မတရားသြဇာသုံးခြင်းနှင့် စပ်ဆိုင်သောဥပမာများကို တင်ပြလိုပါသည်။

(က) ဦးဝသည် မိမိ၏သား မောင်စိုးအား အရွယ်မရောက်သေးမီ ငွေချေးငှားခဲ့ပြီးနောက် မောင်စိုး အရွယ်ရောက်လာသည့်အခါ တွင် မိဘ၏သြဇာကို မတရားအလွဲသုံးစားပြု၍ ထိုချေးငွေအရ မောင်စိုးပိုင်သော ငွေကြေးပမာဏရရှိစေရန်အတွက် မောင်စိုးထံ မှခံဝန်ချုပ်ရယူ၏။ ဤကိစ္စတွင် ဦးဝသည် မတရားသြဇာသုံးရာ ရောက်သည်။

(ခ) ငွေတိုးချေးစားသူ ဦးဘိုထံတွင် ကြွေးမြီတင်ရှိနေသော ဦးအောင်သည် တရားမျှတမှုမရှိသော စည်းကမ်းချက်များ အရ ပဋိညာဉ်ချုပ်ဆိုကာ ချေးငွေအသစ်ကို ရယူ၏။ ထိုပဋိညာဉ်မှာ မတရားသြဇာသုံးခြင်းကြောင့် ပြုလုပ်ထားခြင်း မဟုတ်ကြောင်း သက်သေပြရန် တာဝန်သည် ဦးဘိုအပေါ်တွင် ကျရောက်၏။

**မတရားသြဇာလွှမ်းမိုးမှုရှိနိုင်သော အခြေအနေများ**

အောက်ဖော်ပြပါ ဆက်ဆံမှုများတွင် တစ်ဖက်ပုဂ္ဂိုလ်က အခြားတစ်ဖက် ပုဂ္ဂိုလ်အပေါ်တွင် လွှမ်းမိုးအုပ်စိုးသောအခြေအနေတွင်ရှိသည်ဟု တရားရုံးက မှတ်ယူရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၁။ မိဘနှင့်သားသမီး
၂။ အုပ်ထိန်းသူနှင့် အရွယ်မရောက်သူ
၃။ ယုံကြည်အပ်နှံခံရသူနှင့် အကျိုးခံစားခွင့်ရှိသူ
၄။ ရှေ့နေနှင့် အမှုသည်
၅။ ဆရာဝန်နှင့် လူနာ
၆။ ဘာသာရေးဆရာနှင့် ကိုးကွယ်ကြည်ညိုသူ

မတရားသြဇာသုံးခြင်း ရှိ၊ မရှိပြဿနာတွင် တရားရုံးများက အောက်ပါ အကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစားလေ့ရှိကြောင်း မှတ်သားရ ပါသည်-

၁။ ပဋိညာဉ်သည် တရားမျှတသူတို့ အချင်းချင်းချုပ်ဆိုသော ပဋိညာဉ် မျိုးဟုတ် မဟုတ်၊
၂။ ကတိပြုသူသည် လွတ်လပ်စွာ စဉ်းစားဝေဖန်နိုင်ပြီး မိမိလုပ်သည့် ကိစ္စကို သိ မသိ၊
၃။ ရှေ့နေ(သို့မဟုတ်) တတ်ကျွမ်းသူတို့၏ အကြံဉာဏ်ကို ယူသင့် သောကိစ္စမျိုးဟုတ် မဟုတ်၊
၄။ ကတိပြုသူက စတင်ပြီးပြုလုပ်ရန် သဘောတူညီခြင်း ဟုတ်မဟုတ် (သို့မဟုတ်) မတရားသြဇာကြောင့်ဖြစ်စေ၊ အခြား အကြောင်းကြောင့်ဖြစ်စေ သဘောတူညီရခြင်း ဟုတ် မဟုတ်။

**စေတနာ**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိ မေးမြန်းသည့် လွတ်လပ်သောသဘော ဆန္ဒ(Free Consent) အကြောင်း ဥပဒေပြဋ္ဌာန်းချက်အပေါ် တွေးခေါ်စဉ်းစား မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

---

**နိုင်ငံတကာအနုပညာသတင်းပဒေသာ**

## ရေကြီးမှုကြောင့်ပျက်စီးခဲ့ရတဲ့နေအိမ် ၇၀ ကို ဘောလိဝုဒ်မင်းသား ဆယ်မန်ခန်းပြန်လည်တည်ဆောက်ပေး

ဘောလိဝုဒ်မင်းသား ဆယ်မန်ခန်းကတော့ မြင့်မြတ်တဲ့ ကုသိုလ်ကောင်းမှု တစ်ခုကို လုပ်လိုက်နိုင်ပါပြီ။ သူအရင်ကပေးထားတဲ့ကတိအတိုင်း လုပ်ပေးနိုင် ခဲ့တာပါ။ မဟာရက်ရှ်ထရာပြည်နယ် ခိုင်ဒရာပူးလ် ကျေးရွာမှာ ရေကြီးမှုကြောင့် ပျက်စီးခဲ့ရတဲ့နေအိမ်တွေကို ပြန်လည်ပြီးတည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၉ခုနှစ် ရေကြီးမှုမှာ အဲဒီကျေးရွာဟာ ဆိုးဆိုးရွားရွားထိခိုက်ခဲ့ရပြီး အဲဒီကျေးရွာမှာပျက်စီးသွားတဲ့နေအိမ်တွေကို ပြန်ဆောက်ပေးဖို့ ဆယ်မန်ခန်း က ရွေးချယ်ခဲ့ပါတယ်။ ရေကြီးမှုကြောင့် ပျက်စီးသွားတဲ့နေအိမ်ပေါင်း ၇၀ ကို အခုအခါမှာ ပြန်လည်တည်ဆောက်မှုတွေစတင်နေပြီလို့ မဟာရက်ရှ်ထရာ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး ရာဂျဒရာပတေးလ်ရာဒရက်ဗ်ကာက ပြော ပါတယ်။

နေအိမ်တွေပြန်ဆောက်နိုင်ဖို့လှူဒါန်းမှုပြုလုပ်ပေးခဲ့တဲ့ ဘောလိဝုဒ်ရုပ်ရှင် မင်းသားဆယ်မန်ခန်းကိုလည်း ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။ ဆယ်မန် ခန်းကို Radhe : Your Most Wanted Bhai ဆိုတဲ့ရုပ်ရှင်မှာ မြင်တွေ့ရတော့ မှာဖြစ်ပြီး တောင်ကိုရီးယား ရုပ်ရှင် Veteranကို အိန္ဒိယ ပုံစံပြောင်းလဲရိုက်ကူး ထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ မူလရုံတင်ရက်ကို ၂၀၂၀ ပြည့်နှစ် မေ ၂၂ ရက်လို့ သတ်မှတ်ထားပေမယ့် ကိုဗစ် - ၁၉ ကြောင့် ပြသမယ့်ရက်ကို ရွှေ့ဆိုင်းထားရ ပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



ဘောလိဝုဒ်ရုပ်ရှင်မင်းသား ဆယ်မန်ခန်း

## ချက်ဒ်ဝှခ်ဘို့စ်မန်းသေဆုံးမှုအတွက် ဘလက်ပန်သာ ရုပ်ရှင်ဒါရိုက်တာက ဝမ်းနည်းကြောင်းပြော

ဘလက်ပန်သာရုပ်ရှင်ဇာတ်ကားမှမင်းသား ချက်ဒ်ဝှခ်ဘို့စ်မန်းဟာ အသက် ၄၃ နှစ်အရွယ်မှာ သေဆုံးသွားပြီဖြစ်ပြီးသူ့အတွက် ဒါရိုက်တာ ရိုင်ယန်ကူးဂလာ က ဝမ်းနည်းကြောင်းစကား ဆိုခဲ့ပါတယ်။

ချက်ဒ်ဝှခ်ဟာ သရုပ်ဆောင်တဲ့နေရာမှာ တည်တည်ငြိမ်ငြိမ်နဲ့ တစိုက် မတ်မတ်လေ့လာမှုအားကောင်းတဲ့ မင်းသားတစ်လက်ပါလို့ ဩဂုတ် ၃၀ ရက် မှာ ဒါရိုက်တာ ရိုင်ယန်က ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့အတွက် မေ့မရ နိုင်တဲ့ အမှတ်တရတွေချန်ထားခဲ့တယ်လို့လည်း ဆက်ပြောပါတယ်။ ဘို့စ်မန်း ဟာ ပြီးခဲ့တဲ့ဩဂုတ် ၂၇ ရက်က လော့စ်အိန်ဂျလိစ်မြို့ကနေအိမ်မှာ ကင်ဆာ ရောဂါနဲ့ သေဆုံးခဲ့ပါတယ်။

သူသေဆုံးတဲ့အချိန်မှာ မိသားစုနဲ့ ဇနီးသည်တို့ဟာလည်း အနားမှာ ရှိနေခဲ့ကြပါတယ်။ သူဟာလွန်ခဲ့တဲ့လေးနှစ်ကလည်း အူမကြီးကင်ဆာခံစား နေရသူလည်းဖြစ်ပါတယ်။ Avengers:Endgame အပါအဝင် အခြားသော ရုပ်ရှင်ကားတွေရိုက်ကူးတုန်းကလည်း ကင်ဆာရောဂါအတွက် ကုသမှုခံယူရင်း ရိုက်ကူးခဲ့တာပါ။ ဒါပေမယ့်လည်းသူ့ရောဂါအကြောင်းကို ပရိသတ်ကို အသိပေး ခဲ့ခြင်းမရှိဘဲ တိတ်တဆိတ်သာနေခဲ့သူလည်းဖြစ်ပါတယ်။

**စကိုင်းနယူး**



ဘလက်ပန်သာရုပ်ရှင်ဇာတ်ကားမှ မင်းသားချက်ဒ်ဝှခ်ဘို့စ်မန်းကို ဒါရိုက်တာ ရှိုင်ယန်ကူးဂလာနှင့် အတူတွေ့ရစဉ်။

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

၄၀။ ပုဒ်မ ၃၉ အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၄၁။ ဝန်ကြီးသည် ပုဒ်မ ၄၀ အရ အယူခံခွင့်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း(၁၅)**

**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ**

၄၂။ မည်သူမျှ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်မရှိဘဲ-

(က) စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ခ) တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ဂ) သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ဃ) ငါးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းများကိုဖြစ်စေ၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများကိုဖြစ်စေ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင် ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ၊

(င) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း မပြုရ၊

(စ) ငါးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်းများကို ပြည်တွင်း၌ သယ်ဆောင်ခြင်း မပြုရ။

၄၃။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမျှ-

(က) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှုမရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင် ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ၊

(ခ) ပျားမွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ ဆေးဝါးသုံးစွဲခြင်း၊ ရွှေ့ပြောင်းမွေးမြူခြင်း၊ ပျားစားကျက်ချထားခြင်းတို့အတွက် ဦးစီးဌာနက ထုတ်ပြန်ထားသော ပျားမွေးမြူရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ။

၄၄။ သားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက် လုပ်ငန်းလုပ်ကိုင်သူ မည်သူမျှ ဦးစီးဌာန၏ စစ်ဆေးမှုခံယူရန် ငြင်းဆန်ခြင်း မရှိစေရ။

၄၅။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေး လုပ်သားအဖြစ် လုပ်ကိုင်သူ မည်သူမျှ-

(က) ကူးစက်ရောဂါ ကာကွယ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်သိရှိပါက ဦးစီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ အမြန်ဆုံး သတင်းပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) သေဆုံးသော တိရစ္ဆာန်တွင် ကူးစက်ရောဂါလက္ခဏာ တွေ့ရှိပါက ဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး သတင်းပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၆။ (က) မည်သူမျှ အသိအမှတ်ပြုလက်မှတ်မရှိဘဲ တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖြစ် ဆောင်ရွက်ခြင်း မပြုရ။

(ခ) တိရစ္ဆာန်ကျန်းမာရေးလုပ်သား မည်သူမျှ ပုဒ်မ ၃၇ ပါ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခံရပြီးနောက် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကိုဖြစ်စေ၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုဖြစ်စေ လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ။

၄၇။ မည်သူမဆို-

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ် ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၂၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်လထက် မပိုသောထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

(ဂ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

(ဃ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ)၊ (င) သို့မဟုတ် (စ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

၄၈။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမဆို-

(က) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၂၀ မှ အများဆုံး ကျပ် ၇၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ် ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ် ချမှတ်ရမည်။

၄၉။ သားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက် လုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို -

(က) ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ် ၁၅ သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်။

၅၀။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ တိရစ္ဆာန် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖြစ် လုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းတားမြစ်ချက်ကို ထပ်မံဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၅၁။ (က) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်နှစ်သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

(ခ) တိရစ္ဆာန်ကျန်းမာရေးလုပ်သားသည် ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

**အခန်း(၁၆)**

**အထွေထွေ**

၅၂။ ဦးစီးဌာနသည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို မိမိဘဏ္ဍာ ရန်ပုံငွေမှ ကျခံရမည်။

၅၃။ ဦးစီးဌာနသည် ဆောင်ရွက်ရန်ရှိသည့် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များ သို့မဟုတ် ဓာတ်ခွဲခန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ခွင့်ပြုလက်မှတ် ရရှိထားသော ဓာတ်ခွဲခန်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၇ / ၁၉၉၃ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မန္တလေးဈေးကွက်အတွင်း ကြက်ဥဈေးနှုန်းများ တည်ငြိမ်ကာ ကြက်သားဈေးနှုန်းများ ကျဆင်းလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်ဥ၊ ကြက်သားဈေးကွက်အခြေအနေမှာ လက်ရှိကာလ၌ ကြက်ဥဈေးနှုန်းများ တည်ငြိမ်ကာ ကြက်သားဈေးနှုန်းများ ပြန်လည်ကျဆင်းလျက်ရှိနေကြောင်း တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာနေသူရိန်က ပြောသည်။

လက်ရှိ အချိန်တွင် ကြက်ဥဈေးနှုန်းမှာ လွန်ခဲ့သည့် နှစ်ပတ်ကျော်ကာလကတည်းက ခြံကောက်ဈေးအနေဖြင့် တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၂၇၀၀ နှုန်းဖြင့် ဈေးနှုန်းတည်ငြိမ်စွာ ဖြန့်ချိပေးလျက်ရှိပြီး ပြီးခဲ့သည့် တစ်ပတ်အတွင်းက တစ်ပိဿာလျှင် ခြံဖမ်းဈေး ငွေကျပ် ၃၃၀၀ နှုန်းရှိခဲ့သော ကြက်သားဈေးနှုန်းမှာ ယခုရက်ပိုင်းအတွင်း၌ တစ်ပိဿာလျှင် ငွေကျပ်၂၉၀၀ နှုန်းအထိ ပြန်လည်ကျဆင်းလျက်ရှိလာကြောင်း သိရသည်။

"ကြက်ဥဈေးက ကျွန်တော်တို့ အထက်မြန်မာနိုင်ငံအတွက် ပြင်ဦးလွင်ခြံတွေက ခြံကောက်ဈေးကို အခြေခံပြီး လက်ရှိမှာ အလုံးအကြီး အသေး ပြောစရာ မလိုဘဲ ၂၇ လုံးပါတဲ့ တစ်ပိဿာကို ငွေကျပ် ၂၇၀၀ နှုန်းနဲ့ ဖြန့်ချိပေးနေပါတယ်။ တစ်လုံးကို ငွေကျပ် ၁၀၀ နှုန်းပေါ့။ ဒီဈေးနှုန်းနဲ့ ယနေ့အချိန်အထိ မပြောင်းလဲဘဲ ရောင်းချပေးနေတာ နှစ်ပတ်ကျော်ပါပြီ။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ကြက်ဥစားသုံးဖို့ အလုံအလောက်ရှိပါတယ်။ ဈေးနှုန်းအနေနဲ့ အများကြီးပြောင်းလဲမှုမရှိနိုင်သလို ဈေးကွက်ပြတ်လပ်မှုလည်း မရှိနိုင်ပါဘူး။ ကြက်မတွေရဲ့မွေးနှုန်းက တစ်နှစ်ခွဲအထိရှိတဲ့အတွက် ကြက်ဥထုတ်လုပ်မှုက အများကြီးပြောင်းလဲမှုမရှိနိုင်ဘူး။ ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းလောက်ပဲ ပြောင်းလဲမှုရှိနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင်ကြက်သားဈေးနှုန်းမှာလည်း လက်ရှိ ကိုဗစ် ရောဂါအခြေအနေကြောင့် စားသောက်ဆိုင်များ ပိတ်မည်ကိုစိုးရိမ်ကာ တိုးမြှင့်ထုတ်လုပ်ရောင်းချကြသည့်အတွက် ယခုရက်ပိုင်းတွင် ဈေးကွက်အတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှုန်းခန့် ဈေးများကျဆင်းလာနေပြီး ထပ်မံကျဆင်းလာနိုင်ကြောင်း ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ လက်ရှိကာလတွင် ပြင်ဦးလွင် ခြံကောက်ဈေးအဖြစ် ကြက်ဥတစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့် လည်းကောင်း၊ လက်ကားဒိုင်များမှ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ နှုန်းဖြင့်လည်းကောင်း ဖြန့်ချိ ရောင်းချပေးလျက်ရှိပြီး ဈေးများတွင် လက်လီနှုန်းထားအဖြစ် ကြက်ဥအရွယ်အစားပေါ် မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ၁၂၅ ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**

**တာချီလိတ်မြို့နယ်တရားမရုံး၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၈**

| | | |
|---|---|---|
| ဒုတက-ခင်မောင်ဌေး | နှင့် | ဒေါ်မကွင်း |
| ခ-မ-ရ(၅၂၆)၊ တာချီလိတ်မြို့ | | (ယခင်) ခ-မ-ရ(၅၂၆)၊ တာချီလိတ်မြို့ |
| **တရားလို** | | **တရားပြိုင်** |

(ယခုနေရပ်လိပ်စာ ရွှေလက်ကျေးရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး) (ယခင်) ခ-မ-ရ (၅၂၆) တာချီလိတ်မြို့နေ ဒေါ်မကွင်းအား သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒုတက-ခင်မောင်ဌေးက လင်မယားကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ရက် (၁၃၈၂ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့ သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးမင်း)**
**မြို့နယ်တရားသူကြီး**
**တာချီလိတ်မြို့နယ်တရားရုံး**

## KYAL SIN MYINT MYAT AUNG SERVICES COMPANY LIMITED ၏ မတည်ရင်းနှီးငွေလျှော့ချပြီးဖြစ်ကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇) ပုဒ်မ ၁၁၆(င)၊ ပုဒ်မခွဲ(၂)အရ KYAL SIN MYINT MYAT AUNG SERVICES COMPANY LIMITED ၏ မတည်ရင်းနှီးငွေ လျှော့ချခြင်းကိစ္စရပ်နှင့်ပတ်သက်၍ ၂၈-၈-၂၀၂၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေ ကျပ်တစ်သိန်း(၁၀၀၀၀၀/-)-တန် အစုရှယ်ယာ(၅၀၀၀)စု ကျပ်သိန်းငါးထောင်(၅၀၀၀၀၀၀၀၀/-)-မှ ယခုကျပ်တစ်သိန်း(၁၀၀၀၀၀/-)တန် အစုရှယ်ယာ(၂၀၀)စု ကျပ်သိန်းနှစ်ရာ(၂၀၀၀၀၀၀၀/-)-သို့ လျှော့ချပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**DAW YIN YIN MYINT**
**Managing Director**
**" KYAL SIN MYINT MYAT AUNG SERVICES COMPANY LIMITED"**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/2950၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/3079 Nissan Vanette BPUD22 Pick UP (OPEN Cab) (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်လွင် ၉/ပမန(နိုင်)၀၄၅၄၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/8339၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/9495၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အကွက်အမှတ်-၁၄ (တပ်ကုန်းမြောက်) ဦးပိုင်အမှတ်(၂၂၄/၂၈) မြေချိန်ဧရိယာ ၀ ဒသမ ၂၀ဧကရှိ မြေကွက်တွင် တည်ဆောက်ထားသော ဟိုတယ်ဟူးကောင်းအား ဦးအင်ခန်းနော်ဂျာ ၁/မကတ(နိုင်)၀၅၄၈၄၄၊ ဒေါ်ဂျာဆိုင်း ၁/ကမန(နိုင်)၀၁၂၂၇၄ နှစ်ဦးအမည်ဖြင့် လိုင်စင်အမှတ် ဟ-၁၃၄၁ ဖြင့် ၄-၅-၂၀၁၈ ရက်မှစ၍ ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ ဦးအင်ခန်းနော်ဂျာတစ်ဦးတည်းအမည်နှင့် လိုင်စင်ရယူမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအင်ခန်းနော်ဂျာ**
**ဟိုတယ်ဟူးကောင်း**
**အမှတ်(၂၅၂)တပ်ကုန်း၊ထွယ်ဆန်**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9725၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၂၆၄၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၉/ဝတန (နိုင်) ၂၄၁၈၂၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/4050 SKAT LFJ 3048GL Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝေ ၁/ရကန(နိုင်) ၀၁၂၃၂၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4580၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8820 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းစီ ၁၀/မလမ(နိုင်) ၁၁၅၀၇၃က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကမာမတ်ကျေးရွာအုပ်စု၊ ကလော့ကျေးရွာနေ ဒေါ်မွန်မွန်လှဲ ၁၂/ခရန(နိုင်)၁၀၇၁၃၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ပဲခူးတိုင်းဒေသကြီး၊ ကန်ပြောင်ကွင်းအုပ်စု၊ ကွင်းအမှတ်-၁၀၆၀/ခ၊ဦးပိုင်အမှတ်-၂၆/၂၊ကျောင်းရွာ အရှေ့ကွင်းဧရိယာ ၅ ဒသမ ၈၈ ဧကရှိ ဦးသန်းနိုင်အမည်ပေါက်ပုံစံ(၇)လယ်ယာမြေ(ငါးကန်)အား တရားဝင်ပိုင်ဆိုင်သူ ဦးသန်းနိုင် ၇/ကဝန(နိုင်)၀၇၀၁၁၂ ထံမှ ၅-၆-၂၀၁၉ ရက်က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေမှ လက်ရှိနေထိုင်လုပ်ကိုင်နေသည့်အပြင် အဆိုပါပစ္စည်းသည် ကျွန်ုပ်၏မိတ်ဆွေသာ တရားဝင်ပိုင်ဆိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးသက်နောင်(LL.B)** | **ဒေါ်မို့မို့သော်(LL.B)** | **ဒေါ်ဥမ္မာခင်(LL.B)** | **ဒေါ်ရီရီဝင်း(LL.B)** |
| **(စဉ်-၁၄၃၃၄/၁၈)** | **(စဉ်-၉၉၂၅/၁၄)** | **(စဉ်-၉၆၃၂/၁၄)** | **(စဉ်-၁၄၁၂၆/၁၈)** |
| **ဖုန်း-၀၉-၂၅၄၃၀၉၄၉၇** | **ဖုန်း-၀၉-၄၃၀၇၃၈၁၅** | **ဖုန်း-၀၉-၄၅၀၂၁၄၈၆၂** | **ဖုန်း-၀၉-၄၀၂၇၂၀၈၆၀** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်းအမှတ်-၂၊သုမနလမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ်(၁၄၆)၊ ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က)တွင် မွန်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၃၁-၁၂-၁၉၉၁ ရက်စွဲပါ စာအမှတ်၊ ၅၀၀/၂-၃၁/ပ၀တ(မွန်) အရ လ/န-၃၉ ရရှိထားပြီး မြိုင်သာယာဝန်ထမ်းအိမ်ရာ ဖော်ထုတ်ချထားရေးဗဟိုကြီးကြပ်မှုကော်မတီမှ ဦးမွန်စံသိန်းအမည်ဖြင့် (၈၀/၁၀၀) မြေကွက်အမှတ်(၁၄၆)အား ချထားပေးခဲ့ပြီး ဦးမွန်စံသိန်းထံမှ ဦးသိန်းဇော်သည် ဝယ်ယူထားပြီး ဦးသိန်းဇော်မှ ဦးကိုကိုအောင်အား မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (VI-1338) ဖြင့် အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပြီး ဦးကိုကိုအောင်ထံမှ ဦးဇော်ဟိန်း၊ ဦးဇော်ဟိန်းထံမှ ဒေါ်တင်တင်စီသည် ဝယ်ယူခဲ့ပြီး ဝယ်ယူသူ ဒေါ်တင်တင်စီမှ ရောင်းချသူအား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တောင်းဆိုခဲ့ရာ ဦးဇော်ဟိန်းမှ လိုက်နာဆောင်ရွက်ပေးခဲ့ခြင်းမရှိ၍ မော်လမြိုင်မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်(၂၄/၂၀၂၀)ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ပြီး (၁၀-၃-၂၀၂၀)ရက်တွင် အနိုင်ဒီကရီချမှတ်ပေးခဲ့သည့်အပေါ် ဇာရီမှုဖွင့်လှစ်ခဲ့ရာ ဇာရီမှုအမှတ်(၂၆/၂၀၂၀)အရ စာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်အရ တရားရုံးကိုယ်စား ဒေါ်စုစုလင်း(အကြီးတန်းစာရေး) ဘိလစ်မော်လမြိုင်မြို့နယ် တရားရုံးနှင့် ဒေါ်တင်တင်စီ(ကိုယ်စား) ဒေါ်ဟန်ဝင်းရီတို့သည် မော်လမြိုင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၁၅၀/၂၀၂၀)ဖြင့် တရားဝင်စာချုပ် ချုပ်ဆိုခဲ့သဖြင့် ဒေါ်တင်တင်စီမှ ပိုင်ဆိုင်လာပြီး နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်သော မိုးကုတ်မြို့၊ ကျပ်ပြင်ဈေး၊ အိမ်အမှတ် စျ-၄၂၈တွင် နေထိုင်ကြသော ဦးတိုးဗဟာဒူး(ခ)တွတ်ပါဂမ်(ဘ)ဦးပရင်းမ်ဘာဒူး ၉/မကန(နိုင်)၀၅၆၉၉၂၊ ကိုဖော်လူရမ်း(ခ)ဆူနီး(ဘ)ဦးတိုးဗဟာဒူး(ခ)တွတ်ပါဂမ် ၉/မကန(နိုင်)၀၈၇၇၉၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာလိုက်သည်။

ကျွန်ုပ်တို့၏အမှုသည်များဖြစ်သော ဦးတိုးဗဟာဒူးနှင့် ကိုဖော်လူရမ်းတို့၏ အမည်များ၊ ဓာတ်ပုံများ၊ စာသားများအပြင် ၎င်းတို့၏မိဘဆွေမျိုးအသိုင်းအဝိုင်းတို့ကို ရည်ရွယ်ပြုမူ၍ တမင်ဂုဏ်သိက္ခာကျဆင်းအောင် အများသူငှာသိရှိနိုင်စေရန် အင်တာနက်ဆော့ဝဲလ်ကို အသုံးပြုပြီး Facebook,Messenger,Viber,Wechat အစရှိသော လူမှုကွန်ရက်အမျိုးမျိုးဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်အမှုသည်များ၏ ဂုဏ်သိက္ခာရှိ အသိုင်းအဝိုင်းများတွင်သော်လည်းကောင်း၊ ကျွန်ုပ်အမှုသည်များ နစ်နာစေရန် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်ကာ မတည်မငြိမ်ဖြစ်စေရန်၊ ပုဂ္ဂိုလ်ရေးထိပါးစော်ကားသော အရေးအသားများ၊အပြောအဆိုများပြုလုပ်နေကြောင်း ကျွန်ုပ်တို့၏အမှုသည်များက မြင်တွေ့သိရှိနေရပါသည်။

ထို့ကြောင့် မည်သူမဆိုအထက်ပါအင်တာနက်လူမှုကွန်ရက်ဆက်သွယ်ရေးကို အသုံးပြုပြီး ကျွန်ုပ်အမှုသည်များ ဂုဏ်သိက္ခာကို တမင်ကျဆင်းစေရန် ရည်ရွယ်ရေးသားထားသော စာသားများ၊၎င်းတို့၏ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် တမင် ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုသည့် အပြောအဆိုများကို ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ရပ်တန့်၊ ပယ်ဖျက်သွားရန်နှင့် နောက်နောင် ဆက်လက်ပြီး မဟုတ်မမှန်ဖော်ပြရေးသားခြင်း၊ ပြောဆိုခြင်းများပြုလုပ်သွားမည်ဆိုပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားရုံး၏အဆုံးအဖြတ်ကိုခံယူနိုင်ရန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာတားမြစ်လိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**HYGIENIC LEGAL CLINIC Law Firm**

| | |
|---|---|
| **ဒေါ်သန်းသန်းစိုး(LL.B)** | **ဒေါ်ငယ်ငယ်ချစ်စု(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၂၆၅/၃၁-၈-၂၀၁၇)** | **(စဉ်-၅၀၁၉၉/၃၁-၈-၂၀၁၈)** |

**အိမ်နီလမ်း၊နန်းဦးလွင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၃၇၀၀၇၆၀၊၀၉-၉၇၅၅၈၇၇၇၁၊၀၉-၆၆၂၇၃၉၆၇၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈ U9)၊ မြေကွက်အမှတ်(၁/၃)၊ အကျယ်အဝန်း(၁၄၀ ပေ x၂၈၀ ပေ)ရှိ မြေကွက်အနက်မှ မြောက်ဘက်ပိုင်းရှိ ဗိုလ်မင်းရောင်လမ်းဘက်သို့ မျက်နှာမူလျက် မျက်နှာစာ(၆၀ပေxအနောက်ဘက်သို့ ၈၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေနှင့်စပ်လျဉ်း၍ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးစိုးရွှေ ၁၂/လကန(နိုင်)၀၅၇၀၆၆ အမှတ်၄၇၈(က)၊ပိတောက် ၁ လမ်း၊ ၄၉ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ၃၀-၈-၂၀၂၀ရက်စွဲပါ စာချုပ်ဖြင့် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါ သည်။အဆိုပါ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုကြောင်းပြောဆိုလိုသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းနိုင်(တရားလွှတ်တော်ရှေ့နေ)စဉ်-၇၈၄၈/၂၀၁၀**
**အမှတ် ၁၇၊၄-လွှာ၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၀၁၆၉၉၈၊၀၉-၇၉၂၀၁၆၉၉၈**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၉ ခုနှစ်**(သို့မဟုတ်)**၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒေါက်တာ အောင်သူ၊ ဦးသန့်စင်မောင်၊

စာမျက်နှာ ၅ ကော်လံ ၁ ❂




ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## သင်္ဃန်းကျွန်း၊ အင်းစိန်၊ မြောက်ဥက္ကလာပ၊ သာကေတ၊ လှိုင်၊ ပုဇွန်တောင်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် နေထိုင်သည့်ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

အမိန့်အမှတ်၊ ၁၀၀/၂၀၂၀

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ခါတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ခါတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများ တွေ့ရှိရမှု များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် အချို့သော မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) သင်္ဃန်းကျွန်းမြို့နယ်၊
(ခ) အင်းစိန်မြို့နယ်၊
(ဂ) မြောက်ဥက္ကလာပမြို့နယ်၊
(ဃ) သာကေတမြို့နယ်၊
(င) လှိုင်မြို့နယ်၊
(စ) ပုဇွန်တောင်မြို့နယ်၊
(ဆ) မင်္ဂလာဒုံမြို့နယ်။

၃။ အဆိုပါမြို့နယ် ၇ မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)

စာမျက်နှာ ၇ ကော်လံ ၁ ❖

## ဇလွန်နှင့် သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန်

နေပြည်တော် စက်တင်ဘာ ၁

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည် ကျဆင်းနိုင်သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ❍

## အေစီမီလန်နှင့် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်သည့် အီဗရာဟီမိုဗစ်

ဇလာတန် အီဗရာဟီမိုဗစ်သည် အေစီမီလန်အသင်းနှင့် တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် အီဗရာဟီမိုဗစ်အနေဖြင့် အေစီမီလန်အသင်းမှ ထွက်ခွာတော့မည်ဆိုသော ထင်ကြေးပေးပြောဆိုနေမှုများကို အဆုံးသတ်နိုင်ခဲ့သည်။

ထို့ကြောင့် အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်သော အီဗရာဟီမိုဗစ်သည် ဆန်စီယို၌ ၂၀၂၁ ခုနှစ် နွေရာသီအထိ ရှိနေမည်ဖြစ်ပြီး တစ်နှစ်လုပ်ခ ပေါင်ခြောက်သန်းရရှိမည် ဖြစ်သည်။ သို့သော်လည်း အပိုဆုကြေး မပါဝင်ကြောင်း သိရသည်။ ၎င်းသည် အေစီမီလန်အသင်းကို နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့်

စာမျက်နှာ ၁၁ ကော်လံ ၁ ❒



## ဂျပန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် အလုပ်နေရာပေါင်း ၅၀၀၀၀ ကျော် ဆုံးရှုံးမှုဖြစ်ပေါ်

နိုင်ငံတကာရေးရာ စာ – ၁၂

........................

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ – ၁၄



### ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၉) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ စက်တင်ဘာ လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ပ - ၃၀၇၆၆၆

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

သ - ၈၂၈၇၀၉

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဍ - ၆၅၇၅၅၁ စ - ၉၁၁၉၇၃

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ပ - ၁၀၀၈၈၇
ခ - ၂၈၄၉၀၆
ဘ - ၇၅၀၈၉၃
ကဂ - ၉၂၆၇၈၉

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဆ - ၄၅၁၅၀၈
ဖ - ၄၇၅၇၃၃
ဟ - ၅၀၈၈၈၄
ယ - ၆၅၃၄၇၂
ဍ - ၆၈၅၈၃၅
ဂ- - ၇၉၈၁၃၈

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ယ | - ၁၃၂၅၀၁ | ဗ | - ၅၈၅၃၀၀ |
| ကဃ | - ၁၆၉၀၆၇ | ဘ | - ၆၀၈၂၀၃ |
| စ | - ၃၁၁၅၄၉ | ဝ | - ၆၈၃၇၈၉ |
| လ | - ၃၃၈၇၂၂ | ခ | - ၇၀၁၂၄၁ |
| ကဃ | - ၃၇၈၂၁၉ | ပ | - ၇၀၅၄၀၆ |
| သ | - ၃၈၇၅၇၇ | ဍ | - ၉၁၉၇၄၆ |
| စ | - ၅၀၃၃၈၀ | ဟ | - ၉၅၅၈၃၈ |
| က | - ၅၁၇၂၇၇ | | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ရ | - ၁၀၆၃၆၉ | ဖ | - ၄၃၁၂၀၀ | ရ | - ၇၇၉၀၈၄ |
| မ | - ၁၁၄၈၉၆ | ည | - ၄၄၁၀၅၀ | ဋ | - ၇၉၇၅၃၁ |
| ဖ | - ၁၄၆၇၉၃ | ပ | - ၅၃၆၃၆၃ | ပ | - ၉၀၄၁၃၁ |
| က | - ၁၇၅၈၂၇ | လ | - ၅၄၁၉၁၀ | ဏ | - ၉၄၀၂၈၈ |
| ဌ | - ၁၉၆၄၀၂ | ဝ | - ၆၉၀၅၁၂ | ဗ | - ၉၉၀၂၃၀ |
| ဋ | - ၂၁၁၃၂၉ | ကခ | - ၆၉၂၃၁၈ | သ | - ၉၉၄၇၇၀ |
| ဗ | - ၂၁၂၉၅၅ | | | | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ယ | - ၁၀၅၃၅၂ | အ | - ၃၈၃၆၈၇ | ဆ | - ၆၂၅၅၈၉ |
| တ | - ၁၇၈၅၅၈ | ဆ | - ၄၁၂၉၀၈ | လ | - ၆၄၈၈၉၁ |
| စ | - ၂၁၆၆၉၈ | ရ | - ၄၄၉၂၂၆ | ဂ | - ၆၆၃၃၉၆ |
| ကဃ | - ၂၃၉၇၈၀ | ယ | - ၄၇၄၈၉၆ | တ | - ၇၅၈၇၈၁ |
| ကက | - ၂၄၃၈၈၉ | ရ | - ၅၀၂၂၇၀ | န | - ၇၆၃၄၀၃ |
| ဏ | - ၂၄၅၁၁၅ | သ | - ၅၃၃၁၀၂ | အ | - ၉၄၁၈၈၀ |
| ဌ | - ၂၅၇၁၂၆ | ဋ | - ၅၅၉၆၁၆ | ကခ | - ၉၅၁၇၂၁ |
| ဋ | - ၂၆၄၄၂၆ | ဗ | - ၅၇၅၈၈၅ | ဏ | - ၉၉၀၈၁၂ |
| ဗ | - ၃၄၈၂၅၄ | သ | - ၆၀၃၈၆၀ | | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကဃ | - ၁၅၂၆၅၃ | လ | - ၂၈၂၉၁၇ | စ | - ၄၄၁၆၂၆ | ဇ | - ၅၄၇၇၈၅ | ခ | - ၇၅၀၀၉၃ | ဈ | - ၈၁၄၉၁၆ |
| မ | - ၁၇၃၃၈၃ | ဌ | - ၂၈၄၂၉၃ | ထ | - ၄၇၆၁၀၃ | န | - ၅၈၄၇၃၃ | ယ | - ၇၉၀၃၄၅ | ယ | - ၈၂၈၃၇၄ |
| ဍ | - ၁၉၃၇၅၉ | ဎ | - ၂၉၈၂၉၉ | ဖ | - ၄၈၃၁၃၉ | ကခ | - ၆၂၈၉၄၁ | ကဂ | - ၇၉၄၁၃၄ | ဒ | - ၈၄၄၁၀၃ |
| ဘ | - ၂၁၈၀၁၃ | န | - ၃၉၈၃၈၂ | အ | - ၅၁၅၇၅၄ | ခ | - ၇၁၂၆၄၃ | ထ | - ၇၉၆၉၁၆ | က | - ၉၂၅၀၄၃ |
| ကက | - ၂၂၅၅၃၃ | ကဂ | - ၄၃၄၅၅၆ | တ | - ၅၁၇၅၁၀ | ဗ | - ၇၃၈၃၄၅ | | | | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဈ | - ၁၆၉၃၆၄ | အ | - ၃၃၂၂၂၀ | ဏ | - ၄၆၅၂၇၁ | ရ | - ၆၅၃၇၈၀ | တ | - ၈၃၈၇၅၇ | ည | - ၉၃၇၇၉၀ |
| ဎ | - ၂၂၁၆၁၁ | ကက | - ၃၄၇၄၇၅ | ဟ | - ၄၇၉၁၁၀ | ည | - ၆၆၁၁၀၆ | ဌ | - ၈၅၄၀၉၀ | ယ | - ၉၄၅၈၉၃ |
| အ | - ၂၉၃၇၇၈ | ကခ | - ၄၀၂၉၀၂ | ကခ | - ၅၄၅၃၁၂ | ဇ | - ၆၆၆၁၆၆ | ဍ | - ၉၁၅၁၆၂ | ခ | - ၉၅၁၄၅၆ |
| စ | - ၃၂၄၅၅၄ | မ | - ၄၁၂၈၂၇ | င | - ၅၅၉၆၆၂ | ဋ | - ၆၆၆၇၅၉ | ဈ | - ၉၁၅၄၅၉ | ဇ | - ၉၆၇၂၅၉ |
| ဒ | - ၃၂၉၅၁၅ | ဖ | - ၄၄၅၆၁၂ | ခ | - ၅၈၂၁၁၀ | ကက | - ၇၃၅၇၃၀ | | | | |

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဒ - ၁၀၂၀၂၆ | ကဂ - ၃၁၄၉၀၂ | လ - ၃၈၁၃၁၆ | ဖ - ၄၃၀၇၀၅ | ခ - ၆၄၈၅၀၄ | ဗ - ၈၃၀၅၀၁ |
| ဗ - ၁၃၆၁၂၆ | ကခ - ၃၂၂၇၈၁ | ဇ - ၃၉၂၂၅၉ | ဝ - ၄၅၆၇၅၄ | ကဃ - ၇၁၀၃၂၆ | ဖ - ၈၈၂၅၀၁ |
| ဃ - ၁၄၇၈၄၂ | ဗ - ၃၂၆၇၁၃ | ဆ - ၃၉၇၄၅၇ | ဂ - ၅၄၂၆၇၇ | ထ - ၇၅၃၆၅၅ | ထ - ၉၀၇၉၆၈ |
| အ - ၁၇၆၆၃၁ | ပ - ၃၄၀၀၀၇ | စ - ၄၀၆၃၂၃ | မ - ၆၁၂၀၀၀ | တ - ၇၆၁၃၂၃ | င - ၉၅၆၉၅၈ |
| ကခ - ၁၉၁၀၁၁ | ဋ - ၃၆၉၀၇၄ | ဟ - ၄၂၇၀၁၂ | ဝ - ၆၃၁၅၂၀ | ဘ - ၈၁၈၁၇၈ | န - ၉၉၇၂၄၇ |
| ဆ - ၃၀၁၀၂၆ | ကခ - ၃၇၂၈၄၄ | | | | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ဆ - ၁၈၈၇၉ | က - ၆၁၀၀၂ | ရ - ၈၂၅၇၀ |
| ဘ - ၂၃၀၁၁ | ဈ - ၆၆၉၇၇ | ဃ - ၉၃၇၀၇ |
| ဒ - ၂၅၀၂၅ | လ - ၆၈၁၂၂ | ဗ - ၉၅၀၄၂ |
| မ - ၄၄၂၆၇ | ဆ - ၇၂၉၇၃ | ပ - ၉၇၀၃၈ |
| မ - ၅၉၇၂၃ | ကခ - ၇၇၅၄၆ | ကက - ၉၉၉၈၀ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဗ - ၂၁၀၁ | ထ - ၄၈၁၂ | န - ၅၈၃၆ |
| ကဃ - ၃၆၇၉ | ခ - ၅၁၇၆ | ဋ - ၆၆၇၉ |
| ည - ၄၂၈၉ | ည - ၅၂၈၄ | ဌ - ၆၈၃၈ |
| ည - ၄၃၁၃ | ဍ - ၅၄၆၃ | ဋ - ၉၅၃၇ |
| သ - ၄၈၁၀ | ဋ - ၅၇၈၀ | ဒ - ၉၈၅၆ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ဘ - ၁၁၂ | ယ - ၃၄၈ | ယ - ၆၀၁ |
| ဍ - ၁၆၅ | အ - ၃၉၉ | ဈ - ၆၃၂ |
| ကဃ - ၂၂၁ | သ - ၄၆၁ | ကက - ၆၆၆ |
| က - ၂၄၂ | ပ - ၄၈၀ | ည - ၈၂၇ |
| တ - ၂၅၂ | င - ၅၄၂ | ဂ - ၉၀၀ |
| ဏ - ၃၄၈ | ဏ - ၅၅၉ | က - ၉၃၀ |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ဘ - ၁၂ | ခ - ၄၀ | ဟ - ၈၁ |
| ဋ - ၂၂ | ည - ၄၂ | ဖ - ၈၂ |
| ရ - ၃၂ | လ - ၄၄ | စ - ၈၃ |
| က - ၃၄ | မ - ၅၂ | ကခ - ၈၄ |
| င - ၃၆ | ဝ - ၆၈ | ယ - ၈၉ |
| ဌ - ၃၆ | သ - ၇၃ | မ - ၉၁ |
| ကဃ - ၃၈ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဝ - ၂၅၂၃၆၅ | ဟ - ၂၇၆၀၅၅ | က - ၃၇၈၇၉၄ | ဇ - ၆၁၅၁၂၄ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ဋ - ၁၃၁၁၁ | ဆ - ၆၃၂၈၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ရ - ၂၆၈၀

သ - ၈၅၈၆

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ပ - ၂၃၅

ဆ - ၆၂၈

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၂၀ ပြည့်နှစ် ၊ စက်တင်ဘာလ(၁) ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၁၉) ကြိမ်မြောက်ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၁၂၀၃၆) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ကျင်းပမည့် (၂၀) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကဆ) အက္ခရာထိ ၊အက္ခရာ (၄၀)လုံး ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၂ . ၉. ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁ . ၉ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကိုကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့



# သန်လျင်တံတားကြီး မြန်မြန်ပြီးစေချင်

သျှင်ဝင်းသျှင်

**ဦးယဉ်မောင်ဦး --၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားယူခဲ့သော အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ မိဘနှစ်ပါးစလုံးက သန်လျင်မြို့ပေါ်မှာတင် ယနေ့တိုင်သက်ရှိထင်ရှားရှိ နေဆဲဖြစ်သည်။**

မိမိကသာ မိမိ မိသားစုဖြင့် ရန်ကုန်တွင်နေထိုင်ခြင်းဖြစ်သည်။ တစ်ပတ်တစ်ခါ သန်လျင်သို့သွားပြီး မိဘများနှင့်တွေ့ဆုံခြင်း ဖြစ်သည်။

မိမိစီးလာသောကားလေးရပ်တန့်သွားသည့်အတွက် ကားရှေ့လမ်းတစ်လျှောက်ကို ကျော်ကြည့်မိလိုက်သည်။ရှေ့၌မိမိကားလိုပင် ကားအစီးပေါင်းများစွာ ရပ်တန့်နေသည်ကို တွေ့ရသည်။ ဘေးဘီကို ကြည့်လိုက်တော့မှ သန်လျင်တံတားအမှတ်(၁) အပေါ်တည့်တည့်တွင် ရောက်ရှိနေကြောင်း သိလိုက်ရသည်။ တံတားနှင့် မနီးမဝေးတွင် သန်လျင်တံတား အမှတ် (၃) တည်ဆောက်ရေးစီမံကိန်းဝင်းကြီးကို လှမ်းမြင်နေရသည်။

### မြို့ထဲယာဉ်ကြောကျပ်တည်းမှုမှ ရုန်းထွက်လာ

ဦးယဉ်မောင်ဦးတစ်ယောက် အခုတလော အပြင်ထွက်ရာမှာ အဆင်မပြေမှုများဖြင့် မကြာခဏကြုံတွေ့နေရသည်။ စထွက်လာစဉ်ကတည်းက မြို့ထဲယာဉ်ကြောကျပ်တည်းမှုမှ ရုန်းထွက်လာခဲ့ရသည်။ အချိန်တွေအလဟဿ ကုန်ဆုံးခဲ့ရသည်။ ယခုလည်း ယာဉ်ကြောပိတ်တာနှင့် ကြုံနေပြန်ပါပြီ။ ဘယ်လောက်များ ကြာနေဦးမည်မသိနိုင်တော့ပေ။



သူ၏ ယာဉ်မောင်းက ရှေ့အ နည်း ငယ်သွားပြီး စုံစမ်းရာမှ ကားပေါ်ပြန် တက်လာ စဉ် ပြောလိုက်သောစကားကြောင့် ရင်ထဲပို၍မောသွားရသည်။ ကွန်တိန်နာကားကြီးတစ်စီးတံတားအလယ်တွင် ပျက်နေသည်ဟုဆိုသောကြောင့်ဖြစ်သည်။ ရှေ့လည်းတိုးမရ နောက်လည်းဆုတ်မရ၊ ကျောက်ချနေကြပေတော့။

ဦးယဉ်မောင်ဦးတို့ငယ်စဉ်က ယခုလို သန်လျင်နှင့် ရန်ကုန်က ကားဖြင့်တိုးလျှိုပေါက်မဟုတ်၊ ပဲခူးမြစ်ကို သင်္ဘော၊ ဇက်၊ လှေ၊ သမ္ဗန်တို့ဖြင့်သာ ကူးကြရသည်၊ ယခုရန်ကုန်နှင့် ဒလကူးနေရသလိုပင်ဖြစ်သည်။

### သန်လျင်တံတားအမှတ်(၂) ကို တည်ဆောက်ခဲ့ခြင်းဖြစ်

၁၉၉၃ ခုနှစ်ကျမှ တရုတ် - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် သန်လျင် အမှတ် (၁) တံတားကြီးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုဆိုနှစ်ပေါင်း ၂၇ နှစ်ကာလ ရှိခဲ့ပြီဖြစ်သည်။ ထို့နောက်မှ ကုလားဝဲ ကျေးရွာအနီးတွင် သန်လျင်တံတားအမှတ်(၂) ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်သုံးစုနီးပါးဆိုတော့လည်း မြို့သန်လျင်က ဖွံ့ဖြိုးတိုးတက်သောမြို့တစ်ခုအဖြစ် ရှိလာခဲ့သည်။ စီးပွားရေး အရောင်းအဝယ်များကောင်းလာခဲ့သည်။ လူနေမှုအဆင့်မြင့်မားလာခဲ့သည်။ ငယ်ငယ်ကခြံတစ်ခြံ၏ ဈေးနှုန်းက ငွေကျပ်သိန်း ဆယ်ဂဏန်း သာသာရှိခဲ့သော်လည်း ယခု ငွေကျပ်သိန်း ၅၀၀-၁၀၀၀ စသည်ဖြင့် (နေရာအနေအထား ကွာပါသည်) အလွန်မြင့်တက်နေသည်ကို တွေ့လာရသည်။

ယနေ့ သီလဝါဆိပ်ကမ်းနှင့် သီလဝါ စီးပွားရေးဇုန်တို့က သန်လျင်မြို့နယ်၏တိုးတက်မှုမှသည် မြို့တော် ၏ ဖွံ့ဖြိုးရေးသာမက နိုင်ငံတော်၏ စီးပွားရေး၌ အရေးပါသော ဇုန်တစ်ခု ဖြစ်လာနေ ပြီဖြစ်သည်။ မကြာမီက ဖွင့်လှစ်လိုက်သော သန်လျင် သီလဝါလမ်းပိုင်းကြီးဆိုပါကလည်း မြန်မာပြည်၌ အကောင်းဆုံးသောလမ်းမကြီး တစ်ခုအဖြစ် ပေါ်လွင်လာခဲ့သည်။

သို့သော် ရန်ကုန်မြို့တွင်းပိုင်းမှ လာသူများအနေဖြင့် ဤသန်လျင်တံတားအမှတ် (၁)ကသာ

အချပ်ပို (ဃ) သို့

# ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုကျယ်ပြန့် လာစေမယ့် ချစ်ကြည်ရေးတံတား

ဇင်လင်းမြင့်

ရန်ကုန်မြို့ပြရဲ့ ဧရိယာဟာ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာပါတယ်။ ရန်ကုန်မြို့တွင်းမှာရှိတဲ့ မြို့နယ်တွေ ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် ဆောင်ရွက်နေသလို ဆင်ခြေဖုံးမြို့နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကလည်း ဟန်ချက်ညီညီ တိုးတက်လာပါတယ်။ အဲဒီလိုပဲ ရန်ကုန်မြို့ အနားသတ်မြို့နယ်တွေလည်း မကြာခင်ကာလမှာ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အိမ်ရာစီမံကိန်းတွေအပြင် လမ်းတံတား စီမံကိန်းတွေလည်း ပြည်ပအကူအညီရယူကာ ဖော်ဆောင်နေတာတွေ့ရပါတယ်။ အဲ့ဒီစီမံကိန်းတွေအနက် ရန်ကုန်-ဒလ မြစ်ကူးတံတားစီမံကိန်းကိုလည်း အကောင်အထည် ဖော်နေတာ အခုဆိုရင် ၁၆ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရပါတယ်။

ဒီတံတားတည်ဆောက်ရေးစီမံကိန်းဟာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနဲ့ ဒလမြို့နယ် ကမာကဆစ် ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးကို ဆက်သွယ်ဖောက်လုပ်တံတားထိုးနေတာ ဖြစ်ပါတယ်။ ဒီတံတားတည်ဆောက်ရေးလုပ်ငန်းတွေကို ၂၀၁၉ ခုနှစ် မေလက စတင်ခဲ့တာဖြစ်ပြီး လာမယ့် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှာ ပြီးစီးမယ်လို့ ရည်မှန်းထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ရိုက်ခတ်နေတဲ့ ကိုဗစ်-၁၉ ကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ရပါတယ်။

### စိန်ခေါ်မှုတွေရှိနေဆဲ

အခုအချိန်ထိလည်း ကိုဗစ်-၁၉ ရောဂါပြန်လည်ဖြစ်ပွားမှုနဲ့ ကြုံတွေ့နေရပြန်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် တံတားတည်ဆောက်ရေးလုပ်ငန်းအတွက် စိန်ခေါ်မှုတွေရှိနေဆဲ ဖြစ်ပါတယ်။ ဒီတံတားစီမံကိန်းကြောင့် ဒလမြို့နယ်ဒေသဟာ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခဲ့တာတွေကို အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကြီးမားပြီး အဓိကကျတဲ့ အထောက်အကူပြုစေတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်-ဒလ တံတားစီမံကိန်းဟာ ဒေသခံပြည်သူတွေအပြင် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ရင်းနှီးမြှုပ်နှံကြမယ့် ကုမ္ပဏီတွေလည်း အထူးစိတ်ဝင်စားလျက်ရှိပါတယ်။

အချပ်ပို (ခ) သို့

**ရန်ကုန်-ဒလ တံတားစီမံကိန်းဟာ ကုန်ကျမှုအမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇ သန်းရှိမယ်လို့ ခန့်မှန်းတွက်ချက်ထားပြီး တောင်ကိုရီးယားမှချေးငွေ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃ သန်းနဲ့ မြန်မာအစိုးရမှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄ သန်းနဲ့ တည်ဆောက်နေတာ ဖြစ်**

## ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုကျယ်ပြန့်လာစေမယ့် ချစ်ကြည်ရေးတံတားမှ . . .



ဩဂုတ် ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်မည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ – ဆန်းကျော်ဦး (ပြန်/ဆက်)

ဒီတံတားစီမံကိန်း တည်ဆောက်မှုလုပ်ငန်းခွင်တွေကို ပြီးခဲ့တဲ့ဩဂုတ်လ တတိယပတ်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့ တာဝန်ရှိသူတွေ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသေးတယ်။ ရန်ကုန်ဘက်အခြမ်း တည်ဆောက်မှုလုပ်ငန်းတွေရော ဒလတံတားဘက်အခြမ်းတည်ဆောက်မှုလုပ်ငန်းတွေပါ ဆက်လက်လုပ်ကိုင်လျက် ရှိနေပါတယ်။ ဒါ့အပြင် တံတားရေလယ်တိုင်လုပ်ငန်းတွေလည်း အတိုင်းအတာတစ်ခုထိ ပြီးစီးနေပြီဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းခွင်အားလုံး လုပ်ကိုင်လျက်ရှိနေပါတယ်။

ရန်ကုန်-ဒလ တံတားစီမံကိန်းဟာ ကုန်ကျမှုအမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇ သန်းရှိမယ်လို့ ခန့်မှန်းတွက်ချက်ထားပြီး တောင်ကိုးရီးယားမှချေးငွေ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃ သန်းနဲ့ မြန်မာအစိုးရမှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄ သန်းနဲ့ တည်ဆောက်နေတာ ဖြစ်ပါတယ်။ တံတားတည်ဆောက်ရေးစီမံကိန်းရဲ့ ရန်ကုန်ဘက်အခြမ်း တည်ဆောက်ရေးလုပ်ငန်းကို ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူတွေ သွားရောက်စစ်ဆေးတဲ့အခါ တံတားတည်ဆောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို၊ ကန်ထရိုက်တာ ကုမ္ပဏီဖြစ်သော Gs Engineering & Construction Corporation မှ ပရောဂျက်ဒါရိုက်တာ Mr.Yun Ho Cho တို့က တံတားဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဖြည့်စွက်ပြောကြားခဲ့တာမို့ ဒီတံတားစီမံကိန်းနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေဟာ စဉ်ဆက်မပြတ် ကြပ်မတ်နေတယ်ဆိုတာ တွေ့မြင်နေရပါတယ်။

### သံမဏိကြိုးဆိုင်းတံတား

ဒီလို အခြေအနေတွေကြောင့်လည်း တံတားတည်ဆောက်ရေးစီမံကိန်း ပြီးစီးမှုဟာ ၂၀၂၀ မေလကုန်က ၁၁ ရာခိုင်နှုန်းရှိခဲ့ပေမယ့် ဩဂုတ်လ တတိယပတ်မှာတော့ ၁၆ ရာခိုင်နှုန်းကျော်အထိ ပြီးစီးလာတာ ဖြစ်ပါတယ်။ ရန်ကုန်-ဒလတံတားရဲ့ စုစုပေါင်းတံတားအရှည်ဟာ ၁၈၆၇ မီတာရှိပြီး အကျယ်ကတော့ ၂၆ ဒသမ ၅ မီတာရှိကာ လေးလမ်းသွား ဖြစ်ပါတယ်။ တံတားအမျိုးအစားကတော့ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်ပေါ်တွင် သံမဏိကြိုးဆိုင်းတံတားဖြစ်ပါတယ်။ တံတားခံနိုင်ရည်ကတော့ ၇၅ တန် ဖြစ်ပါတယ်။

ဒီတံတားစီမံကိန်းဟာ မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်တစ်ခုအဖြစ် ပေါ်ထွက်လာဖို့ရှိနေပြီး ဒလဘက်ခြမ်းဧရိယာအများအပြား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကိုလည်း တောင်ကိုရီးယားနိုင်ငံက ကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားကြဖို့လည်း ရှိနေကြောင်းသိရပါတယ်။ ဒလမြို့နယ်ဘက်ခြမ်းမှာ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအသစ်တွေ၊ စက်မှုဇုန်တွေလည်း ဒီတံတားစီမံကိန်းပြီးစီးသွားချိန်မှာ စတင်အကောင်အထည်ဖော်လာဖို့ ရှိနေကြောင်း သိရပါတယ်။ ရန်ကုန်မြို့တွင်းဧရိယာနဲ့ နီးကပ်နေပေမယ့် ရန်ကုန်မြစ်ကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်ပြီး စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတွေ နောက်ကျခဲ့ရတဲ့ ဒလမြို့နယ်ဟာ တခြားမြို့နယ်တွေလို ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒလ၊ ကွမ်းခြံကုန်း၊ ကော့မှူး စတဲ့မြို့နယ်တွေမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေနဲ့ စီမံကိန်းတွေရှိနေပါတယ်။ အဲဒီမြို့နယ်တွေမှာ အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်နိုင်ဖို့ လေ့လာဆန်းစစ်မှုတွေ ကွင်းဆင်းစစ်ဆေးမှုတွေပြုလုပ်ခဲ့တယ်လို့လည်း သတင်းတွေထွက်ပေါ်ခဲ့ပါတယ်။ ရန်ကုန်မြို့ရဲ့ ဝင်ငွေကို ရန်ကုန်မြစ်အနောက်ဘက်ခြမ်း မြို့နယ်တွေက စီးပွားရေးလုပ်ငန်းစီမံကိန်းတွေမှ ရရှိနိုင်ရေးအတွက်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ ရန်ကုန်- ဒလ မြစ်ကူးတံတားစီမံကိန်းကလည်း အဓိကနေရာက ပါဝင်နေပါတယ်။

ရန်ကုန်မြို့ကိုအပေါ်စီးက ကြည့်တဲ့အခါ ရန်ကုန်မြစ်အနောက်ဘက်ခြမ်းဒေသ အများအပြားဟာ လယ်ကွင်းတွေအမြောက်အမြားရှိနေတာ တွေ့ရပါတယ်။ အဲဒီလယ်ကွင်းတွေကလည်း ဆားငန်ရည်ဝင်တဲ့ လယ်ကွင်းတွေများပြားတာမို့ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ဖို့ အခက်အခဲတွေရှိနေပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဒီဧရိယာတွေမှာ စီမံကိန်းနဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒီလိုစီမံကိန်းတွေ အကောင်အထည်ဖော်နိုင်မှလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးဟာ အချိန်နဲ့တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ရန်ကုန်-ဒလတံတားစီမံကိန်းကြောင့် ဒလမြို့နယ်မှာ ဒလမြို့သစ်စီမံကိန်းလည်း ထွက်ပေါ်လာဖို့ရှိနေပါတယ်။ ဒလမြို့သစ်စီမံကိန်းမှာ ဒလမြို့နယ်အတွင်းမှာရှိတဲ့ ရွာပေါင်း ၄၅ ရွာအနက် ထူးကြီး၊ ထော်အောက်၊ တံတားချောင်း၊ ခနောင်ရှမ်းစု၊ ရဲချောင်းစတဲ့ ကျေးရွာဧရိယာတွေပါဝင်ကြောင်း သိရပါတယ်။ ဒါ့အပြင် ဒလဘက်ခြမ်း သီလဝါ တစ်ဖက်ကမ်းနှင့် ကွမ်းခြံကုန်းမြို့နယ် ဆက်စပ်ဧရိယာတွေမှာ စီးပွားရေးဇုန်နဲ့ ဆိပ်ကမ်းတည်ဆောက်မယ့် စီမံကိန်းတွေ ဖြစ်ပေါ်လာနိုင်ဖို့ လေ့လာဆောင်ရွက်မှုတွေ ရှိနေကြောင်းသိရပါတယ်။

ရန်ကုန်-ဒလ တံတားစီမံကိန်းကြောင့် ဒလမြို့သစ်စီမံကိန်းနဲ့အတူ စက်မှုဇုန်၊ အထည်ချုပ်စက်ရုံတွေနဲ့ အဆင့်မြင့်လူနေအဆောက်အအုံတွေ အိမ်ရာစီမံကိန်းတွေ ထွက်ပေါ်လာဖို့ ရှိနေပါတယ်။ ဒါဟာ ဒလမြို့နယ်နဲ့ ဆက်စပ်ဧရိယာတွေမှာရှိတဲ့ ဒေသခံပြည်သူတွေလူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်သစ်တွေ ထွက်ပေါ်ရရှိစေမှာပဲ ဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ဒေသခံပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ လူနေမှုဘဝတွေမြင့်မားလာစေမှာဖြစ်ပါတယ်။ ဒါဟာ ရန်ကုန်-ဒလတံတားစီမံကိန်းရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။

မဟာရန်ကုန်ဖွံ့ဖြိုးတိုးတက်ရေးဧရိယာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မယ့် စီမံကိန်းတွေဟာ စီမံကိန်းရည်မှန်းချက်နှစ် ၂၀၄၀ အထိ ရည်မှန်းချက်တွေ၊ စီမံချက်တွေ ချမှတ်ဆောင်ရွက်သွားဖို့ ရှိနေပါတယ်။ လက်ရှိအခြေအနေမှာ အကောင်အထည်ဖော်နေတဲ့ ရန်ကုန်-ဒလ တံတားစီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဧရိယာကို ဒလဘက်ခြမ်းဧရိယာတွေအထိ ကျယ်ပြန့်ဖြစ်ထွန်းလာစေမှာဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ၊ စီးပွားရေးလုပ်ငန်းတွေတိုးတက်ဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။ ။

**“ရန်ကုန်-ဒလတံတား စီမံကိန်းကြောင့် ဒလမြို့သစ်စီမံကိန်းနဲ့အတူ စက်မှုဇုန်၊ အထည်ချုပ်စက်ရုံတွေနဲ့ အဆင့်မြင့် လူနေအဆောက်အအုံတွေ အိမ်ရာစီမံကိန်းတွေ ထွက်ပေါ်လာဖို့ရှိနေပါတယ်။ ဒါဟာ ဒလမြို့နယ်နဲ့ ဆက်စပ် ဧရိယာတွေမှာရှိတဲ့ ဒေသခံပြည်သူတွေ လူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်သစ်တွေ ထွက်ပေါ်ရရှိစေမှာပဲ ဖြစ်ပါတယ်”**



မြန်မာ – ကိုရီးယားချစ်ကြည်ရေး ဒလတံတားပုံစံငယ်။



# ပြည်သူ့အငှားအိမ်ရာစီမံကိန်းနဲ့အတူ

❑ ဆွေဦးဝေ

ကိုမောင်ဝေတစ်ယောက် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းပေါ်မှာရှိတဲ့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံးက ထွက်လာတဲ့အချိန်မှာ ညနေ ၃ နာရီကျော်ပြီ ဖြစ်ပါတယ်။ အသက် ၅၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကိုမောင်ဝေဟာ အစိုးရဝန်ထမ်းတစ်ဦးဖြစ်ပြီး လာမယ့်နှစ်မှာ သက်ပြည့်ပင်စင်ယူရတော့မှာ ဖြစ်ပါတယ်။ အသက် (၆၀) ပြည့် အငြိမ်းစားယူရတော့မယ့် ကိုမောင်ဝေတို့မိသားစုဟာ အခုချိန်ထိ အိုးအိမ်တိုက်ခန်း ပိုင်ဆိုင်မှုမရှိသေးပါဘူး။ လစာနည်း ဝန်ထမ်းဖြစ်တာမို့ တစ်လနဲ့တစ်လရတဲ့လစာနဲ့ မိသားစုအထွေထွေကုန်ကျစရိတ်လောက်အောင် အခက်အခဲတွေနဲ့ ရုန်းကန်နေရသူဖြစ်ပါတယ်။ အငြိမ်းစားယူပြီးအချိန်မှာ မိသားစုနေထိုင်နိုင်ဖို့ ရန်ကုန်မြို့မှာ အငှားအိမ်ရာစီမံကိန်းဖော်ဆောင်မှာ ဖြစ်တာမို့ လာရောက်စုံစမ်းခဲ့တာဖြစ်ပါတယ်။ ဒီလိုစုံစမ်းတဲ့အခါ အဲဒီစီမံကိန်းအကောင်အထည်ဖော်သွားမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း သိခဲ့ရလို့လည်း ကိုမောင်ဝေ ဝမ်းသာခဲ့ရပါတယ်။

### ခြောက်လအတွင်း အပြီးတည်ဆောက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခန်းပေါင်း ၅၀၀၀ ကျော်ပါဝင်တဲ့ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ် (၇) လမ်းမကြီးနဲ့ အမှတ် (၂) လမ်းဆုံအနီး စိုက်ပျိုးရေးအထူးဇုန်မှာ အကောင်အထည်ဖော်နေပြီ ဖြစ်တယ်လို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင်က ပြောကြားထားပါတယ်။ “အိမ်ရာဝယ်ယူနိုင်မှုမရှိတဲ့ ပြည်သူတွေကို အငှားအိမ်ရာ တင်ပေးမှာဖြစ်ပြီး ဒီစီမံကိန်းကို ခြောက်လအတွင်း အပြီးတည်ဆောက်မှာ ဖြစ်ပါတယ်” လို့ ဆိုထားပါတယ်။ ဒီလို သတင်းစကားတွေကြောင့် ကိုမောင်ဝေတို့လို အငြိမ်းစားယူတော့မယ့် လစာနည်းဝန်ထမ်းတွေအတွက် မင်္ဂလာသတင်းဖြစ်တာမို့ နေအိမ်တိုက်ခန်းရရှိရေး လျှောက်ထားဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

အငှားအိမ်ရာစီမံကိန်း အကောင်အထည်ဖော်နေတဲ့ စံပြစိုက်ပျိုးရေးအထူးဇုန်အတွင်းရှိ မြေဧက ၁၇၁ ဧကပေါ်မှာ တိုက်ခန်းပေါင်း ၅၀၇၂ ခန်းကို အကောင်အထည်ဖော်တည်ဆောက်မှုစတင်နေတာ ဖြစ်ပါတယ်။ ဒီလိုအခန်းအရေအတွက် အများအပြားဖော်ဆောင်နေတာမို့ ကိုမောင်ဝေတစ်ယောက် အိုးအိမ်တိုက်ခန်း နေထိုင်ရေးအတွက် အားတက်မှုတွေဖြစ်ခဲ့ရပါတယ်။ ကိုယ်ပိုင်စုဆောင်းငွေနဲ့ သိန်း ၁၀၀ ကျော်တန်ဖိုးရှိတဲ့ တန်ဖိုးနည်းတိုက်ခန်းကိုတောင် ကိုမောင်ဝေ မဝယ်နိုင်ပါဘူး။

### ကြိုးစားဆောင်ရွက်

ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်မှာဖော်ဆောင်နေတာဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပံ့ပိုးကူညီမှုတွေနဲ့အတူ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ လိုင်စင်ရကန်ထရိုက်တာများအသင်းနဲ့ မြို့ပြနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ အသင်းတို့က အကောင်အထည်ဖော် တည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ၂၀၂၀ ဩဂုတ်လအတွင်းမှာ စတင်ခဲ့တာဖြစ်ပြီး လာမယ့် ၂၀၂၁ ခုနှစ် မတ်လကုန်မှာ ပြီးစီးနိုင်ဖို့မျှော်မှန်းထားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေ အခက်အခဲရှိနိုင်ပေမယ့် သတ်မှတ်ကာလအတွင်းမှာ ပြီးစီးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။

ကိုမောင်ဝေတို့လို သက်ပြည့်အငြိမ်းစားယူတော့မယ့် အစိုးရဝန်ထမ်းတွေ၊ လုပ်သက်ပြည့်အငြိမ်းစားယူတော့မယ့် ဝန်ထမ်းတွေ၊ အခြားပင်စင်ယူတော့မယ့် ဝန်ထမ်းတွေအတွက်တော့ ဒီလို ပြည်သူ့အငှားအိမ်ရာစီမံကိန်းဟာ အခွင့်အရေးကောင်းကြီးတစ်ခုဖြစ်နေပါတယ်။ အသက်အရွယ်ရနေပြီဖြစ်တဲ့ ကိုမောင်ဝေတို့လို အငြိမ်းစားယူတော့မယ့် ဝန်ထမ်းတွေထဲမှာ အိုးပိုင်အိမ်ပိုင်မရှိသူတွေ အများအပြားရှိနေပါတယ်။ အဲဒီလိုလူမျိုးတွေအတွက်တော့ ပြည်သူ့အငှားအိမ်ရာစီမံကိန်းဟာ သူတို့ဘဝတွေရဲ့ တတိယအရွယ်မှာ စိတ်အေးသက်သာစွာ နေထိုင်ရဖို့အတွက် မျှော်လင့်ချက်တစ်ခုဖြစ်နေပါတယ်။

အငှားအိမ်ရာစီမံကိန်းကို တည်ဆောက်တဲ့အခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ လက်ရှိနေရာအခန်းပေါင်း ၅၀၇၂ ခန်းကို ကနဦးအနေနဲ့ ဖော်ဆောင်မှာဖြစ်ပြီး ဆက်လက်ပြီးတော့ အခန်းပေါင်း ၁၂၀၀ ကျော်ကိုလည်း မြေနေရာရရှိမှုပေါ်မူတည်ပြီး ဆက်လက်တည်ဆောက်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါဆိုရင် အခန်းပေါင်း ၆၂၀၀ ကျော်အထိ ထွက်ပေါ်လာဖို့ရှိနေပါတယ်။ ဒီလိုတည်ဆောက်တဲ့အခါ ငါးထပ် အဆောက်အအုံတွေအဖြစ် ဖော်ဆောင်သွားမှာဖြစ်၍ အောက်ဆုံးအထပ်ကို Community Hall မျိုးထားရှိပြီး အပေါ်လေးထပ်က အခန်းတွေကို ငှားရမ်းတဲ့စနစ်နဲ့ ဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။ အဲဒီအဆောက်အအုံတွေ အနီးဝန်းကျင်မှာ ဆေးရုံ၊ ကျောင်း၊ ဈေး၊ ပန်းခြံနှင့်အားကစားကွင်းတွေလည်း ထည့်သွင်းတည်ဆောက်ပေးသွားမှာဖြစ်လို့ မိသားစုတွေ၊ ကလေးငယ်တွေအတွက်ပါ အဆင်ပြေစေမှာ ဖြစ်ပါတယ်။

### လက်တစ်ကမ်းအလို

ရန်ကုန်မြို့မှာ လာရောက်နေထိုင်တဲ့သူတွေ တိုးပွားလာတာနဲ့အမျှ ဆင်ခြေဖုံးမြို့နယ်တွေမှာ နေထိုင်သူတွေ ပြည့်ကျပ်လာပါတယ်။ မြေနေရာရှားပါးမှု၊ အိမ်ငှားခဈေးကြီးမှု၊ အိမ်ရာတိုက်ခန်းဈေးနှုန်းတွေ ကြီးမြင့်မှုကြောင့် ကိုမောင်ဝေတို့လို အစိုးရဝန်ထမ်းတွေ အိမ်ရာပိုင်ဆိုင်ဖို့ လက်လှမ်းမမီခဲ့ပါဘူး။ အစိုးရဝန်ထမ်းတွေ ဒဂုံမြို့သစ်မြို့နယ်တွေမှာ အစိုးရကမြေကွက်တွေ ချပေးခဲ့စဉ်ကလည်း သတ်မှတ်လုပ်သက်မပြည့်မီခဲ့လို့ မြေကွက်မရရှိခဲ့တဲ့ ကိုမောင်ဝေတို့လို အစိုးရ ဝန်ထမ်းတွေ အများအပြားရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ တန်ဖိုးနည်း၊ တန်ဖိုးသင့်တိုက်ခန်းတွေကို သတ်မှတ်စုဆောင်းငွေနဲ့အတူ အရစ်ကျပေးသွင်းဝယ်ယူတဲ့ စနစ်ကိုလည်း ကိုမောင်ဝေတို့လို ဝန်ထမ်းတွေ အိပ်မက်အဖြစ်တောင် မမက်နိုင်ခဲ့ကြပါဘူး။ အခုတော့ အဲဒီစိတ်ကူးတွေ အကောင်အထည်ဖော်ဖို့ လက်တစ်ကမ်းအလို ရောက်ရှိလာပြီဖြစ်ပါတယ်။

တကယ်တော့ ရန်ကုန်မြို့မှာ ပြည်သူ့အငှားအိမ်ရာစီမံကိန်းဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၊ ၅၀ လောက်က တည်ရှိခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ လောက်က နောက်ဆုံးပြုလုပ်ခဲ့တဲ့ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွေဟာ ရန်ကင်း၊ သုဝဏ္ဏတို့လိုနေရာတွေမှာ တည်ဆောက်ပေးခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာတော့ အဲဒီလိုမျိုး စီမံကိန်းတွေ အကြောင်းကြောင်းကြောင့် အကောင်အထည်မဖော်နိုင်ခဲ့တာဖြစ်ပါတယ်။ အခု ၂၀၂၀ ပြည့်နှစ်ရောက်မှသာ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွေ ဖော်ဆောင်နိုင်ခဲ့တာ ဖြစ်တယ်လို့ ကိုမောင်ဝေ တွေးနေမိပါတယ်။

ရန်ကုန်မြို့မှာ အိမ်ရာအခက်အခဲရှိတဲ့ ဝင်ငွေနည်း ပြည်သူတွေ၊ အစိုးရဝန်ထမ်းတွေအတွက် နေထိုင်စရာ အိမ်ရာတိုက်ခန်း ခိုင်ခိုင်မာမာရရှိရေးဟာ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ရန်ကုန်မြို့နေ ပြည်သူတွေအတွက် နေထိုင်စရာတိုက်ခန်းလိုအပ်ချက်ဟာ နှစ်စဉ်တိုးတက်နေတာဖြစ်လို့ နိုင်ငံတော်ကလည်း ဒီလိုစီမံကိန်းတွေကို အခက်အခဲမျိုးစုံကြားက အကောင်အထည်ဖော်ပေးနေတာဖြစ်ပါတယ်။ ဒီလိုစီမံကိန်းတွေ အကောင်အထည်ဖော်နိုင်တာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရရှိစေတာဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမှာလည်း ဖြစ်ပါတယ်။

### အကောင်အထည်ဖော် ဆောင်ရွက်

မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ မြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စတဲ့ မြို့ကြီးတွေမှာ အခုလို ပြည်သူ့အငှားအိမ်ရာစီမံကိန်း ဖော်ဆောင်နေတာတွေ၊ ဖော်ဆောင်ဖို့ စီစဉ်နေတာတွေ ရှိနေပြီဖြစ်ပါတယ်။ နေပြည်တော်မှာ တိုက်ခန်းပေါင်း ၇၀၀ နဲ့ မန္တလေးတိုင်းဒေသကြီးမှာ တိုက်ခန်းပေါင်း ၃၀၀၀ ကို ဖော်ဆောင်နေကြောင်း သိရပါတယ်။ ဒီစီမံကိန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်မှုနဲ့ ဆောက်လုပ်ရေးအသင်း သုံးသင်းက အကောင်အထည်ဖော်ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာတော့ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်က အလုပ်အကိုင်အခွင့်အလမ်းအတွက် ရွှေ့ပြောင်းအခြေချနေထိုင်သူတွေ များပြားလာတာကြောင့် အိမ်ရာမဲ့တွေလည်း ပေါများလာတာ တွေ့ရပါတယ်။ ဒီလိုအခြေအနေတွေကို ဖြေရှင်းဖို့ အိမ်ရာစီမံကိန်းအမျိုးအစား အများအပြားကို ဖော်ဆောင်ပေးနေတာလည်း တွေ့ရပါတယ်။ အဲဒီအိမ်ရာစီမံကိန်း တိုက်ခန်းတွေကို ဖော်ဆောင်ပေးနေပေမယ့် ဝင်ငွေနည်းအခြေခံပြည်သူတွေအတွက်တော့ လက်လှမ်းမီတာရှိသလို မမီတာတွေလည်း ရှိနေပါတယ်။ လက်လှမ်းမမီတဲ့သူတွေထဲမှာ ကိုမောင်ဝေတို့လို လူတွေပါဝင်နေတာ ဖြစ်ပါတယ်။ သွားလာရေးလွယ်ကူပြီး လုံခြုံစိတ်ချရတဲ့ အခုလို ပြည်သူ့အငှားအိမ်ရာတိုက်ခန်းတွေ တည်ဆောက်ပေးတာဟာ အခြေခံပြည်သူတွေအတွက်တော့ ထိရောက်တဲ့ဖော်ဆောင်ပေးမှုဖြစ်တယ်လို့ ကိုမောင်ဝေ ယုံကြည်နေပါတယ်။

### ဝမ်းမြောက်ဝမ်းသာ ကြိုဆို

ရန်ကုန်မြို့လို လူဦးရေထူထပ်များပြားပြီး အိမ်ရာလိုအပ်ချက် မြင့်မားနေတဲ့အခြေအနေမှာ ကိုမောင်ဝေတို့လို အငြိမ်းစားယူတော့မယ့် ဝန်ထမ်းတွေအတွက်လည်း အိမ်ရာတိုက်ခန်းလိုအပ်ချက်ဟာ မဖြစ်မနေ ဆောင်ရွက်ရတော့မယ့် အရေးတကြီးကိစ္စဖြစ်နေပါတယ်။ ဒီလိုအခြေအနေမှာ ရန်ကုန်မြို့မှာ အခုလို ပြည်သူ့အငှားအိမ်ရာစီမံကိန်း ဖော်ဆောင်လိုက်တာဟာ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမယ့် စီမံကိန်းဖြစ်ပါတယ်။ မိမိတို့လို ဝန်ထမ်းတွေအတွက်ရော ဝင်ငွေနည်းပြည်သူတွေအတွက်ပါ ပြည်သူ့အငှား အိမ်ရာတိုက်ခန်းတွေ ဒီထက်များများ ဖော်ထုတ်တည်ဆောက်ပေးနိုင်ရင်တော့ အိမ်ရာတိုက်ခန်းလိုအပ်ချက်ရှိနေတဲ့ ပြည်သူတွေရဲ့ အိပ်မက်တွေ လက်တွေ့အကောင်အထည်ပေါ်လာနိုင်တော့မှာဖြစ်တယ်လို့ ကိုမောင်ဝေတစ်ယောက် အတွေးတွေနဲ့ ဝေဖြာနေမိပါတယ်။

**ရန်ကုန်မြို့မှာ အိမ်ရာအခက်အခဲရှိတဲ့ ဝင်ငွေနည်းပြည်သူတွေ၊ အစိုးရဝန်ထမ်းတွေအတွက် နေထိုင်စရာ အိမ်ရာတိုက်ခန်း ခိုင်ခိုင်မာမာရရှိရေးဟာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ရန်ကုန်မြို့နေ ပြည်သူတွေအတွက် နေထိုင်စရာတိုက်ခန်းလိုအပ်ချက်ဟာ နှစ်စဉ် တိုးတက်နေတာဖြစ်လို့ နိုင်ငံတော်ကလည်း ဒီလိုစီမံကိန်းတွေကို အခက်အခဲမျိုးစုံကြားက အကောင်အထည်ဖော်ပေးနေတာဖြစ်ပါတယ်**

# ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာဖြစ်လာမည့် မင်္ဂလာဈေးသစ်ကြီး

ရှင်နော်

၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် မြို့တော်ရန်ကုန်သည် တိတ်ဆိတ်ငြိမ်သက်ခဲ့သော်လည်း ကူးစက်မှု လျော့နည်းလာသည်နှင့်အမျှ ရန်ကုန်မြို့တော်သည် ပြန်လည်လှုပ်ရှားလာသည်။ ခဏတာငြိမ်သက်ခဲ့သော လမ်းမများတွင် ပြည်သူများ ဥဒဟိုသွားလာကြသည်။ ဈေးဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်လာကြသည်။ အခြေခံပညာကျောင်းများ အတန်းအလိုက် ဖွင့်လှစ်လာသည်။ ရပ်ဆိုင်းထားသော ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည် လည်ပတ်စပြုလာသည်။

ကိုဗစ်-၁၉ ဂယက်ကြောင့် ခေတ္တရပ်နားခဲ့ရသော ဆောက်လုပ်ရေးလုပ်ငန်းများထဲတွင် ရန်ကုန်မြို့၏ နာမည်ကျော်မင်္ဂလာဈေး တည်ဆောက်ရေးလုပ်ငန်းလည်း ပါဝင်သည်။ ယခင်မင်္ဂလာဈေးမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ အတွင်းမီးလောင်ဆုံးရှုံးခဲ့ပြီး မင်္ဂလာဈေးသစ် ပြန်လည်တည်ဆောက်ရန် အခက်အခဲ အဆင့်ဆင့်ကို ဖြတ်ကျော်ခဲ့ရသည်။ မင်္ဂလာဈေးသစ်တည်ဆောက်ရန် ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၈ ခုနှစ်တွင် တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

မင်္ဂလာဈေးသစ်ကြီး စတင်တည်ဆောက်စဉ် မြေရှင်းလင်းခြင်း၊ မြေတူးခြင်းမှအစပြုကာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုရာခိုင်နှုန်းအလိုက် စဉ်ဆက်မပြတ် သတင်းရေးသားခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားဆဲကာလဖြစ်သည့်အတွက် ဈေးသစ်တည်ဆောက်ရေးလုပ်ငန်းများနှင့် အဆက်ပြတ်ခဲ့ရသည်။ ကိုဗစ်ကာလအတွင်း ဆက်သွယ်ရန် ခက်ခဲသောဌာနဆိုင်ရာများကြောင့် ပြည်သူများထံ သတင်းအချက်အလက်ပေးရန် အလှမ်းဝေးခဲ့ရသည်။ သို့နှင့်ပင် အနီးစပ်ဆုံး တာဝန်ရှိသူတစ်ဦးဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလှဌေးနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက မင်္ဂလာဈေးသစ် တည်ဆောက်နေမှုနှင့်ပတ်သက်၍ "မင်္ဂလာဈေးကြီးကို စဆောက်ဖို့ တင်ဒါခေါ်တဲ့လုပ်ငန်းစဉ်လည်း လုပ်ခဲ့ပါတယ်။ ဈေးကြီးဆောက်လုပ်တဲ့ နေရာမှာ QC အနေနဲ့ နိုင်ငံတကာအဆင့်မီ အဖွဲ့အစည်းတစ်ခုကို ခေါ်ထားတယ်။ သူ့ကို ကုမ္ပဏီဘက်က ငှားတာမဟုတ်ဘဲနဲ့ အစိုးရဘက်ကနေ ငှားခဲ့တယ်။ ဒီအတွက်ကြောင့် QC သည် လုပ်ငန်းဆောက်လုပ်တာကို စောင့်ကြည့်တဲ့အခါမှာအစိုးရရဲ့ကိုယ်စားပြု စောင့်ကြည့်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ ဒီမှာ QC က အနားမှာပဲထိုင်ထားတယ်။ သူတို့ ကိုယ်စားလှယ်တွေရှိတယ်။ နေ့တိုင်းလုပ်ငန်း ပြီးစီးမှုကို စနစ်တကျစိစစ်ပြီး ဖြတ်သန်းနေတာပါ" ဟု ပြောသည်။



မင်္ဂလာဈေးသစ်ကြီး တည်ဆောက်နေမှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။

> "မြေအောက်ထပ် နှစ်ထပ်၊ မြေညီထပ် နှစ်ထပ်နှင့် မြေပေါ်အထပ်ပေါင်း ၁၃ ထပ် ပါဝင်သည့်အတွက် စုစုပေါင်းအထပ် ၁၇ ထပ် အမြင့်ရှိ မင်္ဂလာဈေးအဆောက်အအုံမှာ မြေအောက်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသည့်အတွက် မြေပေါ်အထပ်များ တစ်ထပ်ပြီးတစ်ထပ် ပေါ်ထွက်လာနေသည်ကို မြင်ရသည်။ တစ်ရက်လျှင် လူဦးရေ သုံးသောင်းကျော် လာရောက်ရောင်းဝယ် ဖောက်ကားနိုင်မည့် အဆင့်မြင့်မင်္ဂလာဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၆၀၀၀ ကျော် ပါဝင်မည်ဖြစ်"

**တစ်ထပ်ပြီးတစ်ထပ် ပေါ်ထွက်လာ**

မြေအောက်ထပ် နှစ်ထပ်၊ မြေညီထပ် နှစ်ထပ်နှင့် မြေပေါ်အထပ်ပေါင်း ၁၃ ထပ် ပါဝင်သည့်အတွက် စုစုပေါင်း အထပ် ၁၇ ထပ် အမြင့်ရှိ မင်္ဂလာဈေးအဆောက်အအုံမှာ မြေအောက်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသည့်အတွက် မြေပေါ်အထပ်များ တစ်ထပ်ပြီးတစ်ထပ် ပေါ်ထွက်လာနေသည်ကို မြင်ရသည်။ တစ်ရက်လျှင် လူဦးရေ သုံးသောင်းကျော် လာရောက်ရောင်းဝယ်ဖောက်ကားနိုင်မည့် အဆင့်မြင့်မင်္ဂလာဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၆၀၀၀ ကျော် ပါဝင်မည်ဖြစ်သည်။ ကားအစီးရေ ၇၅၀ ကျော် ရပ်တန့်နိုင်မည့် လက်လီလက်ကားဈေးကြီးတွင် အဝတ်အထည်၊ အထည်အလိပ်၊ ထီး၊ ဖိနပ်၊ အိတ်အမျိုးမျိုး၊ ဆေးနှင့် ဆေးပစ္စည်းအမျိုးမျိုး၊ ဖုန်း အပိုပစ္စည်းများ၊ ဖန်စီပစ္စည်းများ ရောင်းချသည့်ဆိုင်ခန်းများ ပါဝင်မည်ဖြစ်သည်။

**အလွယ်တကူ အတင်အချပြုလုပ်နိုင်**

ကုန်စည်ပစ္စည်းများ အလွယ်တကူ အတင်အချပြုလုပ်နိုင်ရန် Cargo lift များ၊ လူစီးစက်လှေကားများ၊ ဓာတ်လှေကားများ၊ ကုန်တင်ကုန်ချကားများ ရပ်နားရန်နေရာများ၊ ကုန်ပစ္စည်းအတင်အချဧရိယာများ၊ ပစ္စည်းအထုပ်အပိုးပြုလုပ်ရန် ဧရိယာများ ပါဝင်သော မင်္ဂလာဈေးသစ်ကြီးတွင် အဆောက်အဦတစ်ခုလုံးအတွက် လေအေးစက်စနစ်များ၊ အလိုအလျောက် ရေဖျန်းစနစ်များ၊ လေဝင်လေထွက်ပေါက်ထိန်းချုပ်စနစ်များ၊ ၂၄ နာရီ စောင့်ကြည့်ကင်မရာနှင့် လုံခြုံရေးစနစ်များ၊ မီးသတ်ပိုက်လိုင်းများ၊ မီးသတ်ဆေးဘူးများ၊ မီးလောင်မှုအချက်ပေးစနစ်များ ပါဝင်မည်ဖြစ်သည်။

မင်္ဂလာဈေးသစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာနေလင်းထွန်းက "မင်္ဂလာဈေး စတင်တည်ဆောက်ကတည်းက ဈေးသူဈေးသားတွေက အခက်အခဲတွေနဲ့ ဖြတ်သန်းခဲ့ကြတာပါ။ မီးလောင်သွားတဲ့အချိန်ကနေ အခုအချိန်အထိဆို သူတို့စောင့်နေတာ ၄-၅ နှစ်ရှိသွားပြီ။ ဒါပေမယ့် တင်ဒါက ၂၀၁၈ ခုနှစ်မှာ စခေါ်ခဲ့တာပါ။ အဲဒီရှေ့ပိုင်းမှာ သူတို့က အခန်းတွေငှားပြီးတော့ ဆိုင်တွေဖွင့်နေရတဲ့ အခါကျတော့ စရိတ်စက အလွန်ထောင်းတာပေါ့။ အခုလို ကိုဗစ်ကာလမှာဆိုရင် သူတို့အတွက် ခက်ခဲကျပ်တည်းလာတဲ့သဘောမျိုး ပိုပြီးတွေ့ရပါတယ်။ သူတို့အနေနဲ့က ဆိုင်ခန်းကို အမြန်လိုချင်တယ်။

**၅၄ ရာခိုင်နှုန်း ပြီးစီး**

အခုတော့ ကျွန်တော်တို့ တွက်ချက်မှုအရ ၅၄ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ပါတယ်။ ဒါကလည်း အဓိက ခက်ခဲတဲ့ မြေအောက်အပိုင်းပေါ့။ ဒီမင်္ဂလာဈေးအဆောက်အအုံဟာ မြေအောက်ထဲမှာ အထပ်နှစ်ထပ်ပါပါတယ်။ အတိအကျပြောရရင် နှစ်ထပ်ခွဲပေါ့။ အဲဒီလိုပါတဲ့အတွက်ကြောင့် မြေအောက်လုပ်ငန်းတွေကို တော်တော်အချိန်ယူပြီး လုပ်ပေးခဲ့ရပါတယ်။ အခုကတော့ မြေအောက်လုပ်ငန်းတွေ အတော်များများ ပြီးစီးသွားပါပြီ။ မြေပေါ်ကိုလည်း စပြီးတက်နေပါပြီ။ ကျွန်တော်တို့စပြီး ခန့်မှန်းထားတာက ၂၀၂၁ ခုနှစ် ဧပြီလလောက်မှာ အပြီးသတ်အပ်ပေးနိုင်မယ်လို့ ထင်ထားခဲ့တယ်။ ဒါပေမယ့် ကိုဗစ်-၁၉ က မမျှော်လင့်ဘဲ ပေါ်လာတဲ့အခါကျတော့ မတ်လကုန်လောက်ကစပြီး သကြ်န်ပိတ်လိုက်ရတဲ့အခါကျတော့၊ ညမထွက်ရအမိန့်လည်း ထွက်လာတယ်။ အလုပ်လုပ်ရတဲ့ အချိန်က ညပိုင်းတွေ လုပ်လို့မရဘူး ဖြစ်သွားတယ်။ မင်္ဂလာဈေးပတ်လည်မှာက ကားကျပ်တဲ့နေရာတွေပါ။ ဒီလိုနေရာမျိုးမှာ နေ့ခင်းပိုင်း ကွန်ကရစ်လောင်းဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ အဲဒီအတွက်ကြောင့် အလုပ်လုပ်တဲ့ လုပ်ငန်းစဉ်တွေကိုပြန်ဆွဲရပါတယ်။ နိုင်ငံတော်ကလည်း ဆောက်လုပ်ရေးလုပ်ငန်းတွေ နောက်ကို သုံးလအထိ ဆုတ်သွားနိုင်တယ်လို့ ကြေညာထားပါတယ်။ အဲဒီအပေါ်မူတည်ပြီး အချိန်ဇယားကို ပြန်လည်တွက်ချက်နေပါတယ်" ဟု ပြောသည်။

အဝတ်အထည်၊ အထည်အလိပ်၊ လူသုံးကုန်ပစ္စည်း လက်လီလက်ကားရောင်းချမှုတွင် တစ်ချိန်က နာမည်ကျော်ခဲ့သော ရန်ကုန်မြို့ မင်္ဂလာဈေးသစ်ကြီး တည်ဆောက်နေမှုမှာ ယခုအခါ ရာခိုင်နှုန်းအားဖြင့် ထက်ဝက်ကျော် ပြီးစီးပြီဟုဆိုနိုင်သည်။ ဈေးသစ်ကြီး တည်ဆောက်မှုပြီးစီးရန် မခန့်မှန်းနိုင်သေးသော်လည်း တည်ဆောက်မှုပြီးစီးပါက ရန်ကုန်မြို့၏ ကုန်စည်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာ စီးပွားရေး အချက်အချာ နေရာတစ်ခုဖြစ်လာမည်မှာ အသေအချာပင် ဖြစ်ပေသည်။ ။

---

*သန့်လျင်တံတားကြီး မြန်မြန်ပြီးစေချင် . . . မှ*

အဓိကထား ဖြတ်သန်းနေကြသည်ကို တွေ့ရသည်။ ထို့အတွက် တစ်ခါတစ်ရံ မထင်မှတ်သော ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ရပြီး တံတားပေါ်မှ စဖြစ်ပါက ဖြေရှင်းရခက်သော ပုစ္ဆာတစ်ပုဒ်နှယ် အချိန်များစွာ ကုန်ဆုံးခဲ့ရသည်။

သို့အတွက်ပြည်သူအများ ခရီးသွားလာရေးလည်း အဆင်ပြေ၊ ကုန်စည်စီးဆင်းမှုများလည်း ချောမွေ့စေရေးအတွက် သန့်လျင်တံတားအမှတ် (၃) ကို တည်ဆောက်ရန် နိုင်ငံတော်မှ တာဝန်ရှိသူများက စီစဉ်ခဲ့ရခြင်းဖြစ်သည်။

ထို့ထက်ဆိုရသော် နိုင်ငံတော်၌ အနာဂတ်ကာလရင်းနှီးမြှုပ်နှံမှုတွင် ဂျပန်နိုင်ငံက အားကောင်းလာနိုင်ပြီး အရှိန်အဟုန်မြင့်တိုးတက်လာနိုင်သောကြောင့်လည်း ဖြစ်ပေသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မှသာလျှင် ကုန်စည်စီးဆင်းမှု မြန်ဆန်နိုင်မည်ဖြစ်သည်။ ရေမြင့်မှ ကြာတင့်နိုင်မည်ဖြစ်သည်။

သို့အတွက် သီလဝါဆိပ်ကမ်း၊ သီလဝါ အထူးစီးပွားရေးဇုန်များဆီသို့ အဆင်ပြေပြေ ချောချောမွေ့မွေ့သွားလာနိုင်ရန် လက်ရှိတံတား နှစ်စင်းဖြင့် မလုံလောက်တော့ပေ။ ထပ်မံဖြည့်ဆည်း တည်ဆောက်နိုင်မှသာလျှင် ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်သည်။

တံတားကြီးကို နှစ်နိုင်ငံအစိုးရ၏ သဘောတူညီမှုအရ ဂျပန်နိုင်ငံမှ ODA ချေးငွေ ၃၁ ဒသမ ဝ၅၁ ဘီလီယံအပြင် မြန်မာနိုင်ငံမှ ထည့်ဝင်ငွေ အပါအဝင် စုစုပေါင်း ဂျပန်ယန်း ၃၅ ဒသမ ၅၂ ဘီလီယံ အကုန်အကျခံ တည်ဆောက်မည်ဟု တံတားကြီးစတင်တည်ဆောက်ရန် ပြင်ဆင်ချိန်က သတင်းစာတစ်စောင်တွင် ဖတ်လိုက်ရသည်။

တည်ဆောက်မှု အချိန်အတိုင်းအတာတစ်ခုအထိ ကြာလာသည်နှင့်အမျှ တံတားရုပ်လုံးမှာလည်း တဖြည်းဖြည်းနှင့် ပေါ်လာပြီကို တွေ့လာရသည်။

ဦးယဉ်မောင်ဦး သိရသလောက် တံတားအရှည်က စုစုပေါင်း ၃ ဒသမ ၅ ကီလိုမီတာ၊ တံတားအကျယ်က ၂၄ မီတာ၊ မော်တော်ကား လေးစီး ချောင်ချောင်ချိချိ သွားလာနိုင်မည်ဟုလည်း သိထားရသည်။ တံတားခံနိုင်ဝန်ကလည်း ၇၅ တန်ရှိမည်ဟုဆိုသည်။

တံတားတည်ဆောက်မှုအပိုင်းကို သုံးပိုင်းခွဲကာ တည်ဆောက်နေခြင်းကို တွေ့ရသည်။ အပိုင်း (၁) နှင့် အပိုင်း (၂) ကို ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သည့် Sumiromo Mitsui ကလည်းကောင်း၊ အပိုင်း (၃) ကို Tokyu ကုမ္ပဏီကလည်းကောင်း တာဝန်ယူတည်ဆောက်ကြမည်ဟု သိထားရသည်။ အရည်အသွေးအရ ပြောစရာရှိမည် မဟုတ်တော့ပေ။

မိမိလုပ်ငန်းအတွေ့အကြုံအရ ပြီးစီးမှုများကို လှမ်းကြည့်ပြီး စိတ်ထဲက တွက်ချက်နေမိခဲ့သည်။ အကြမ်းဖျင်းအားဖြင့် ၅၀ ရာခိုင်နှုန်းနီးပါးခန့်လောက်တော့ ပြီးစီးနေပြီဟု မှန်းဆမိလိုက်သည်။

ဒါဆို လုပ်ငန်းတစ်ဝက်နီးပါးခန့် ပြီးစီးနေပြီဖြစ်၍ မူလလျာထားသတ်မှတ်ချက် ၂၀၂၃ ခုနှစ်အပြီးဟု သိထားရာ ကျန်သုံးနှစ်ကာလသည် အဝေးကြီးမဟုတ်တော့ဟု စိတ်ထဲက ဆိုမိလိုက်သည်။ အမှန်တကယ်လည်း မြန်မြန်ပြီးစေချင်ပါသည်။

ဤသန့်လျင်တံတား အမှတ် (၃) ကြီး ပြီးသွားမှသာလျှင် ယခုလို တံတားပေါ်၌ ယာဉ်ကြောကျပ်တည်းမှု ဒုက္ခများမှ လွတ်မြောက်နိုင်မည်ဟု ယုံကြည်မိသည်။ ယခုလို မလိုအပ်ဘဲ တန်ဖိုးရှိသော အချိန်များ ဆုံးရှုံးခြင်းမှလည်း ကင်းဝေးနိုင်တော့မည်ဟု မျှော်လင့်မိတော့သည်။

တံတားကြီးလည်းမြန်မြန်ပြီးပါစေ----၊ တည်ဆောက်သူတို့လည်း အန္တရာယ်ကင်း၍ စိတ်ချမ်းသာကြပါစေဟု ဆုတောင်းစကားကို နှုတ်က ဆိုမိလိုက်ပါသည်။ ။